ကြေးမုံ
The Mirror

၁၃၆၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၅ ရက်၊ အင်္ဂါနေ့၊ (16-5-2006) (၄၉၅၉)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

တာဝန်မှ အနားယူခွင့်ပြုခြင်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
(အမိန့်အမှတ် ၂/၂၀၀၆)
၁၃၆၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၄ ရက်
(၂၀၀၆ ခုနှစ်၊ မေလ ၁၅ ရက်)

တာဝန်မှ အနားယူခွင့်ပြုခြင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ကြီးများအား ယနေ့မှစ၍ တာဝန်မှ အနားယူခွင့်ပြုလိုက်သည်–

(၁)	ဗိုလ်ချုပ်ကြည်အောင်	ယဉ်ကျေးမှုဝန်ကြီးဌာန
(၂)	ဗိုလ်ချုပ်စိန်ထွား	လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

အမိန့်အရ

(ပုံ) သိန်းစိန်
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး(၁)
နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

တာဝန်မှ အနားယူခွင့်ပြုခြင်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
(အမိန့်အမှတ် ၃/၂၀၀၆)
၁၃၆၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၄ ရက်
(၂၀၀၆ ခုနှစ်၊ မေလ ၁၅ ရက်)

တာဝန်မှ အနားယူခွင့်ပြုခြင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးမောင်အောင်အား ယနေ့မှစ၍ တာဝန်မှ အနားယူခွင့် ပြုလိုက်သည်။

အမိန့်အရ

(ပုံ) သိန်းစိန်
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး(၁)
နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

တာဝန်မှ အနားယူခွင့်ပြုခြင်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
(အမိန့်အမှတ် ၄/၂၀၀၆)
၁၃၆၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၄ ရက်
(၂၀၀၆ ခုနှစ်၊ မေလ ၁၅ ရက်)

တာဝန်မှ အနားယူခွင့်ပြုခြင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၊ အဖွဲ့ဝင် ဦးညွန့်ဆွေအား ယနေ့မှစ၍ တာဝန်မှ အနားယူခွင့်ပြုလိုက်သည်။

အမိန့်အရ

(ပုံ) သိန်းစိန်
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး(၁)
နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

ဝန်ကြီးဌာနများ ပြင်ဆင်ဖွဲ့စည်းခြင်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
(အမိန့်အမှတ် ၅/၂၀၀၆)
၁၃၆၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၄ ရက်
(၂၀၀၆ ခုနှစ်၊ မေလ ၁၅ ရက်)

ဝန်ကြီးဌာနများ ပြင်ဆင်ဖွဲ့စည်းခြင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတော်၏ စီးပွားရေး၊ တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ပိုမိုထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်–

(၁) အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
(၂) အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

အမိန့်အရ

(ပုံ) သိန်းစိန်
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး(၁)
နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

အစိုးရအဖွဲ့ဝင်ဝန်ကြီးများ ပြောင်းလဲတာဝန်ပေးခြင်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
(အမိန့်အမှတ် ၆/၂၀၀၆)
၁၃၆၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၄ ရက်
(၂၀၀၆ ခုနှစ်၊ မေလ ၁၅ ရက်)

အစိုးရအဖွဲ့ဝင် ဝန်ကြီးများ ပြောင်းလဲတာဝန်ပေးခြင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါဝန်ကြီးများအား ၎င်းတို့၏အမည်နှင့် ယှဉ်တွဲဖော်ပြထားသော ဝန်ကြီးဌာနအသီးသီးတွင် ပြောင်းလဲတာဝန်ပေးလိုက်သည်–

(၁)	ဗိုလ်ချုပ်တင်ထွတ်	သမဝါယမဝန်ကြီးဌာန
(၂)	ဗိုလ်မှူးကြီးဇော်မင်း	အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

အမိန့်အရ

(ပုံ) သိန်းစိန်
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး(၁)
နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

အစိုးရအဖွဲ့ဝင်ဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
(အမိန့်အမှတ် ၇/၂၀၀၆)
၁၃၆၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၄ ရက်
(၂၀၀၆ ခုနှစ်၊ မေလ ၁၅ ရက်)

အစိုးရအဖွဲ့ဝင် ဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား အစိုးရအဖွဲ့ဝင် ဝန်ကြီးများအဖြစ် ယနေ့မှစ၍ ခန့်အပ်တာဝန်ပေးလိုက်သည်–

(၁)	ဗိုလ်ချုပ်စိုးနိုင်	ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန
(၂)	ဗိုလ်ချုပ်ခင်မောင်မြင့်	အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
(၃)	ဗိုလ်ချုပ်မောင်မောင်ဆွေ	လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
(၄)	ဗိုလ်ချုပ်ခင်အောင်မြင့်	ယဉ်ကျေးမှုဝန်ကြီးဌာန

အမိန့်အရ

(ပုံ) သိန်းစိန်
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး(၁)
နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

ယနေ့ မိုးလေဝသ

၁၆–၅–၂၀၀၆

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror
၁၆-၅-၂၀၀၆
(အင်္ဂါနေ့)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပြည်တွင်း၊ ပြည်ပအဖျက်သမားများ၏ အကြမ်းဖက်လုပ်ရပ် တပ်မတော်နှင့်ပြည်သူ လက်တွဲညီညီ ချေမှုန်းတိုက်ဖျက်

နိုင်ငံတော် အစိုးရက ပြည်ထောင်စုကြီး၏ နယ်မြေဒေသ အစိတ်အပိုင်းများအားလုံး မျှတစွာ ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသား ပြည်သူ တစ်ရပ်လုံး၏ လူမှုစီးပွားရေးဘဝ တိုးတက်မြင့်မားရေး တို့အတွက် စီမံကိန်းများကို ချမှတ်အကောင်အထည်ဖော်လျက် ရှိရာ နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့၏ ခိုင်မာမြဲမြံသော ပေါင်းစည်းညီညွတ်မှုစွမ်းအားကြောင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အဘက်ဘက်တွင် အောင်မြင်တိုးတက်မှုရလဒ်ကောင်းများ ဖြစ်ထွန်း နေပြီဖြစ်သည်။

ယင်းသို့ နိုင်ငံတော်၌ တည်ငြိမ်အေးချမ်းသာယာမှုများ ရရှိ နေပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် ထူထောင်နိုင်ရေး အတွက် အခြေခံအုတ်မြစ်ကောင်းများ ချမှတ်ဖော်ဆောင်နေချိန်တွင် အကြမ်းဖက် အဖျက်သမားများက နိုင်ငံတော်၏ ငြိမ်းချမ်းရေး တည်ဆောက်မှု ပျက်ပြားစေရန် လူသတ်၊ မီးရှို့၊ မိုင်းထောင် ဖောက်ခွဲဖျက်ဆီးမှုလုပ်ရပ်များကို လက်လွတ်စပယ် ကျူးလွန် နေကြသည်။

အထူးသဖြင့် KNU အကြမ်းဖက်သောင်းကျန်းသူများက ပဲခူး၊ ညောင်လေးပင်၊ တောင်ငူဒေသတစ်ဝိုက်တွင် အကြမ်းဖက်အဖျက် အမှောင့် လုပ်ရပ်များကို အစီအစဉ်ရှိရှိ ဆက်တိုက်ကျူးလွန်လျက် ရှိကြောင်း တွေ့ရသည်။ ၂၀၀၅ ခုနှစ် နိုဝင်ဘာလမှ ၂၀၀၆ ခုနှစ် မေလအတွင်း ပဲနွယ်ကုန်း၊ ပဲခူး၊ တောင်ငူ၊ ဖြူးမြို့များ၊ ကညွတ်ကွင်း နှင့် တောကျွဲအင်း ဘူတာအကြား၊ ရေတာရှည်နှင့် ကျွန်းကုန်းဘူတာ အကြား ရထားလမ်းများနှင့် ပဲခူးတိုင်း ကျောက်ကြီးမြို့နယ်တို့၌ မိုင်းထောင်ဖောက်ခွဲမှုများ ပြုလုပ်ခဲ့ရာ အပြစ်မဲ့ပြည်သူများ သေကျေ ထိခိုက် ဒဏ်ရာရခဲ့ကြရသည်။

အဆိုပါ အကြမ်းဖက်သောင်းကျန်းသူများက မြို့ကြီးပြကြီး များနှင့် ကားလမ်း၊ ရထားလမ်းစသည့် နေရာများစွာတွင် ပြည်သူ များ သေကျေပျက်စီးစေရန်၊ တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန်၊ အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးမှုများ ပြုလုပ်ကြရုံမျှမက ပဲခူး၊ တောင်ငူ တစ်လျှောက် အရှေ့ရိုးမတောင်ခြေကျေးရွာများမှ ကျေးလက် ပြည်သူ များ အေးချမ်းစွာနေထိုင်ခြင်း မပြုနိုင်ရန်နှင့် တိုင်းရင်းသားများအား အဓမ္မခိုင်းစေ၊ ညှဉ်းပန်းနှိပ်စက်၊ လုယက်မီးရှို့သည့် ဆိုးရွားသောလုပ်ရပ် များကိုလည်း လက်ရဲဇက်ရဲ လုပ်ဆောင်နေကြသည်။

တစ်ချိန်တည်းတွင် အကြမ်းဖက်အဖျက်သမား သောင်းကျန်းသူ များနှင့် ချိတ်ဆက်ဇာတ်တိုက်စီစဉ်ထားသည့် ပြည်ပဆရာကြီးများ နှင့် မီဒီယာများကလည်း တပ်မတော်က တိုက်ခိုက်၍ ရွာသူ၊ ရွာသားများ ဒုက္ခသည်အဖြစ် ထွက်ပြေးတိမ်းရှောင်နေရကြောင်း ကမ္ဘာက အထင်အမြင်လွဲမှားစေရန် ဝိုင်းဝန်းလှုံ့ဆော် လုပ်ကြံဖန်တီး စွပ်စွဲလျက်ရှိကြသည်။

အမှန်တကယ်အားဖြင့် KNU တို့၏ သတ်ဖြတ်အနိုင်ကျင့်မှု ကြောင့် တိုင်းရင်းသား ရွာသူ၊ ရွာသားများ မနေရဲ၍ ထွက်ပြေးကြခြင်း၊ တပ်မတော်နှင့်ပြည်သူ အဆက်ပြတ်စေရန် လက်အောက်ငယ်သား များ၏ မိသားစုများအား နယ်စပ်ဒေသသို့ အတင်းအဓမ္မ ရွှေ့ပြောင်း ထားခြင်းတို့ကြောင့် ကျေးရွာပြည်သူအချို့ ထွက်ပြေးကြရခြင်းသာ ဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ် လုံခြုံရေးအတွက် ကာကွယ်စောင့်ရှောက်ပေးရမည့် တာဝန် ရှိသည်ဖြစ်ရာ KNU က အကြမ်းဖက်ဖောက်ခွဲတိုက်ခိုက်မှုများ မလုပ်ကိုင်နိုင်စေရန်နှင့် ပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစေရန် ဆက်စပ်နယ်မြေများနှင့် KNU ခိုအောင်းနေနိုင်သောနေရာများတွင် လုံခြုံမှုအစီအမံများ၊ နယ်မြေရှင်းလင်းမှုများ ဆောင်ရွက်နေရခြင်းသာ ဖြစ်သည်။

မည်သို့ပင်ဆိုစေ ပြည်တွင်းအကြမ်းဖက် သောင်းကျန်းသူများ နှင့် ပြည်ပအဖျက်သမားများ ပူးပေါင်းလုပ်ကြံဖန်တီးလာသည့် မြေပေါ် မြေအောက်တိုက်ကွက် အဖျက်အမှောင့်လုပ်ရပ်မှန်သမျှကို နိုင်ငံတော် နှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ ခိုင်မာမြဲမြံသော ပေါင်းစည်း ညီညွတ်မှုစွမ်းအားဖြင့် လက်တွဲညီညီ ဆက်လက်ချေမှုန်း တိုက်ဖျက် သွားနိုင်မည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏ မီးဒုံးလမ်းသွယ်(၁)နေ မခင်တိုးရီနှင့် မောင်နှမတစ်စုက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီး ဆေးပဒေသာပင်အတွက် ငွေကျပ်တစ်သိန်းကို မေ ၁၄ရက်က ပေးအပ် လှူဒါန်းစဉ်။ (ကြေးမုံ)

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း မြစ်ကြီးနားမြို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

သတင်းစာကို ပြည်သူများ နေ့ချင်းဖတ်ရှုနိုင်ရန် ဆောင်ရွက်ပြီးဖြစ် အမှန်တကယ်ရောက်၊ မရောက် စိစစ်ကြပ်မတ်သွားရန်လို

ရန်ကုန် မေ ၁၅

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းသည် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမောင်ဖေ လိုက်ပါလျက် မေ ၈ရက် နံနက်ပိုင်းတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့သို့ ရောက်ရှိသည်။

ထိုမှ ပြည်နယ်အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး မောင်မြို့နှင့် နယ်မြေခံ တိုင်းစစ်ဌာနချုပ်မှ ဒုတိယ ဗိုလ်မှူးကြီး စိုးကျော်ဦးတို့ လိုက်ပါလျက် ပြည်နယ်၊ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံး၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့် စက်ရုံ၊ ကိုယ်ပွားသတင်းစာတိုက်၊ မြန်မာ့ရုပ်ရှင်လုပ်ငန်းစုရုံးတို့ကိုလှည့်လည် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ပြည်နယ် စာကြည့်တိုက်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီးဝန်ထမ်းများနှင့် တွေ့ဆုံကာ လိုအပ်သည်များ မှာကြားသည်။

ရှာကြံဆောင်ရွက်

ဒုတိယဝန်ကြီးက မှာကြားရာတွင် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်ပြီးဖြစ်၍ ရေရှည်တည်တံ့အောင်ဆောင်ရွက်သွားကြရန် လိုကြောင်း၊ ကျေးရွာများတွင် စာဖတ်ပရိသတ်များ တိုးပွားလာအောင် နည်းလမ်းများ ရှာကြံဆောင်ရွက် သွားကြစေလိုကြောင်း၊ မိမိတို့သည် ပြည်သူလူထုအား သိသင့်သိထိုက်သည်များ၊ ရှောင်ရန်ဆောင်ရန် ကိစ္စရပ်များကို ပြည်သူများ အချိန်မီ သိရှိအောင် ဆောင်ရွက်ပေးရန် အရေးကြီးကြောင်း၊ ကျေးရွာတိုင်း ရုပ်မြင်သံကြားစက်ရှိရေး ဆောင်ရွက်လျက် ရှိသည်နှင့်အညီ ကြည်လင်ပြတ်သားစွာ ဖမ်းယူရရှိနိုင် အောင်ဆောင်ရွက်ပေးရန်လိုကြောင်း၊ ထို့ကြောင့်သေချာစွာကွင်းဆင်းလေ့လာပြီး လိုအပ်ချက်များကို တင်ပြဆောင်ရွက်သွားကြရန် လိုကြောင်း၊ သတင်းစာကိုလည်း ပြည်သူများ နေ့ချင်း ဖတ်ရှုနိုင်ရန် ဆောင်ရွက်ထားပြီးဖြစ်၍ အမှန်တကယ် ရောက်၊ မရောက် စိစစ်ကြပ်မတ် သွားရန်လိုကြောင်း၊ ကျေးရွာတိုင်း သတင်းစာ ရောက်ရန်လိုကြောင်း၊ အခက်အခဲများရှိပါက ဒေသအာဏာပိုင်များထံ တင်ပြပြီး ဆောင်ရွက်သွားကြစေလိုကြောင်း၊ မိမိတို့သည် ပြည်သူများ အားထားယုံကြည်လာအောင် ဆောင်ရွက် သွားကြစေလိုကြောင်း၊ သို့မှသာ မိမိတို့၏ လုပ်ငန်းများတွင် ပြည်သူများ၏ အားပေးကူညီမှုရရှိပြီး အောင်မြင်လာမည်ဖြစ်ကြောင်း စသည်ဖြင့် ရှင်းလင်းပြောကြားသည်။ (သတင်းစဉ်)

လယ်တီစံရိပ်သာ သီတဂူရေအလှူတော် အထူးတရားပွဲ

ရန်ကုန် မေ ၁၅

ပုဇွန်တောင်မြို့နယ်၊ မဟာညောင်ကုန်းကျောင်းတိုက်၊ မဟာစည်သြဝါဒခံ လယ်တီစံသာသနာ့ ရိပ်သာတွင် လစဉ် ၂၁ ရက်မှ ၃၀ ရက်အထိ တရားစခန်းပွဲနှင့် မေ ၁၈ရက် ည ၇နာရီတွင် သီတဂူဆရာတော် အရှင်ဉာဏိဿရ (D.Litt) (Ph.D) (အဂ္ဂမဟာ ပဏ္ဍိတ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ၊ မဟာဓမ္မကထိက၊ ဗဟုဇနဟိတဓရ၊ မဟာဂန္ထဝါစကပဏ္ဍိတ) အရှင်သူမြတ်၏ သီတဂူရေအလှူတော် တရား အလှူပေးမည်ဖြစ်သဖြင့် တရားအလှူခံကြွရောက်ကြပါရန် နှိုးဆော်ထားသည်။ (က-ပ)

ကုန်သည်/ စက်မှုအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ပါကစ္စတန်သံအမတ်ကြီးနှင့် တွေ့ဆုံဆွေးနွေး

ရန်ကုန် မေ ၁၅

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးဇော်မင်းဝင်း၊ ဦးအောင်လွင်နှင့် အထွေထွေအတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်တို့အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ပါကစ္စတန် သံအမတ်ကြီး H.E. Mr. Muhammad Nawaz Chaudhry သည် မေ ၁၂ရက် မွန်းလွဲပိုင်းတွင် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ရုံး၌ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံ အပြန်အလှန် ကုန်သွယ်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေး၊ ကိုယ်စားလှယ်အဖွဲ့များ အပြန်အလှန် လာရောက်၍ စီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ဆွေးနွေးရေး၊ ပါကစ္စတန်နိုင်ငံ၌ကျင်းပမည့်ပြပွဲနှင့် ကွန်ဖရင့်သို့ မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များ ပါဝင်တက်ရောက်ရေးနှင့် ဘဏ်လုပ်ငန်းဆိုင်ရာ ကိစ္စများနှင့် စပ်လျဉ်း၍ ရင်းနှီးစွာ ဆွေးနွေးကြသည်။ **(အပေါ်ပုံ)** (သတင်းစဉ်)

မြန်မာနိုင်ငံ ဆရာဝန်အသင်း ဗဟိုဦးစီးအဖွဲ့ ဒုတိယအကြိမ် အစည်းအဝေး ကျင်းပမည်

ရန်ကုန် မေ ၁၅

မြန်မာနိုင်ငံ ဆရာဝန်အသင်း ဗဟိုဦးစီးအဖွဲ့ ဒုတိယအကြိမ်အစည်းအဝေး ကို မေ ၂၇ ရက် (စနေနေ့) နံနက် ၁၀နာရီတွင် အမှတ်(၂၄၉) သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်း အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်ရာ ပြည်နယ်နှင့်တိုင်းများမှ ဗဟိုဦးစီးအဖွဲ့ဝင်များ မပျက်မကွက်တက်ရောက်ကြရန် ဖိတ်ကြားထားသည်။ (သတင်းစဉ်)

ဘိန်းဖြူ ဘိန်းမည်းနှင့် စိတ်ကြွရူးသွပ်ဆေးအန္တရာယ်

ဒေါက်တာ အောင်သော်

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများသည် ကမ္ဘာ့နိုင်ငံအသီးသီးကို အန္တရာယ်ပြု ခြိမ်းခြောက်လျက်ရှိသည်။ မြန်မာနိုင်ငံသည် ကိုလိုနီနယ်ချဲ့၏ အမွေဆိုးဖြစ်သည့် ဘိန်းနှင့် ဘိန်းဖြူ၏အန္တရာယ်ကို တိုက်ဖျက်နေစဉ် စိတ်ကြွရူးသွပ်ဆေး၏ အန္တရာယ်သည် ဝင်ရောက်လာပြန်ပြီ။

နယ်ချဲ့တို့သည် ၁၈၈၅ ခုနှစ်နောက်ပိုင်း သံလွင်မြစ်အရှေ့ဘက် ကမ်းရှိ ရှမ်းတောင်တန်းနှင့် ကချင်တောင်တန်းများတွင် ဘိန်းကို တရားဝင် စိုက်ပျိုးခွင့်ပြုခဲ့သည့်အပြင် ဘိန်းသယ်ယူခြင်း၊ ရောင်းချခြင်းတို့ကိုလည်း ပြုလုပ်စေခဲ့သည်။

မြန်မာနိုင်ငံသည် လွတ်လပ်ရေးရပြီးကတည်းက အင်္ဂလိပ်အစိုးရ ဖွင့်လှစ်ခဲ့သော မြန်မာနိုင်ငံတစ်ဝန်းရှိ ဘိန်းခန်းများ ပပျောက်ရေးကို ဆောင်ရွက်ခဲ့သည်။ ၁၉၄၈ ခုနှစ်မှာပင် ဘိန်းစား ပပျောက်ရေး၊ ဘိန်းခန်းများ ဖျက်သိမ်းရေး ငါးနှစ်စီမံကိန်းများကို နိုင်ငံတော်အစိုးရက ရေးဆွဲဆောင်ရွက်ခဲ့၏။ ၁၉၅၅ ခုနှစ်တွင် ဘိန်းစား၊ ဘိန်းရှူသူများ မှတ်ပုံမတင်မနေရ ဥပဒေကို ပြဋ္ဌာန်းကာ ဘိန်းဖြတ် ဆေးခန်းများတွင် ဘိန်းပြတ်သည်အထိ ဆေးကုသမှု ခံယူစေခဲ့ပါ၏။

၁၉၆၅ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့၌ နိုင်ငံတော်အစိုးရသည် အင်္ဂလိပ်နယ်ချဲ့အစိုးရ၏ လက်ကျန် ရှမ်းပြည်နယ်ရှိ ဘိန်းခန်းများကို ပိတ်ပင်ခဲ့ပြီး ဘိန်းရောင်းဝယ်မှုကို လုံးဝတားမြစ်ခဲ့လေသည်။

သို့သော် မြန်မာနိုင်ငံ၏ ရေမြေတည်နေရာ အခြေအနေအရ ၁၉၇၀ ပြည့်နှစ် နောက်ပိုင်းတွင် တစ်ဖက်နိုင်ငံမှတစ်ဆင့် ပိုမိုဆိုးဝါးသော ဘိန်းဖြူ(ခေါ်) ဟီးရိုးအင်း(ခေါ်)နံပါတ်ဖိုး ဝင်ရောက်ခဲ့ပြီး မြို့ကြီးပြကြီးများရှိ လူငယ်များသုံးစွဲသည်အထိ ပျံ့နှံ့လာရာ နိုင်ငံတော်အစိုးရသည် မူးယစ်ဆေးဝါးအန္တရာယ်ကို အမျိုးသားရေးအသွင်ဖြင့် တားဆီးနှိမ်နင်းရန် ၁၉၇၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် မူးယစ်ထုံထိုင်းဘောဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေကိုပြဋ္ဌာန်းပြီး ထိရောက်သော တားဆီးအရေးယူမှုများ ပြုလုပ်ခဲ့ရပြန်ပါသည်။တစ်ဖန် ပိုမိုထိရောက်သော ဟန့်တားမှုများနှင့် ပြစ်ဒဏ်များ ချမှတ်နိုင်စေရန် ၂၇-၁-၁၉၉၃ ရက်နေ့တွင် နိုင်ငံတော်အစိုးရသည် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဥပဒေကို ထုတ်ပြန်ကြေညာပြီး ပိုမိုထိရောက်သော တားဆီးကာကွယ်မှုများ ပြုလုပ်ခဲ့၏။

၁၉၈၉ ခုနှစ် အောက်တိုဘာလ ၉ ရက်နေ့တွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ကို ပြင်ဆင်ဖွဲ့စည်းပေးခဲ့သည်။ ထိုဗဟိုအဖွဲ့နှင့်အတူ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်ကျေးရွာများတွင်လည်း အဆင့်ဆင့်ဖွဲ့စည်းပေးခဲ့သည်။ ဗဟိုအဖွဲ့တွင် ထုတ်လုပ်မှုလျှော့ချရေးနှင့် သုံးစွဲမှုလျှော့ချရေး မဟာဗျူဟာ နှစ်ရပ်ရှိသည့်အနက် ကျန်းမာရေးဝန်ကြီးဌာန၏ ဆေးကုသရေးလုပ်ငန်းအဖွဲ့သည် သုံးစွဲမှုလျှော့ချရေးကဏ္ဍတွင် ပါဝင်သည်။ ထို့ကြောင့် ကျန်းမာရေးဝန်ကြီးဌာနသည် ဆေးကုသရေးအပြင် ဆေးစွဲလူနာများအား ပြန်လည်ထူထောင်ရေး၊ ပညာပေးရေးလုပ်ငန်းများနှင့်အတူ ဆက်နွှယ်သည့် သုတေသနလုပ်ငန်းများကို အစဉ်တစိုက် လုပ်ကိုင်လျက်ရှိပါသည်။

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ပပျောက်ရေးလုပ်ငန်းသည် ရေရှည်အစဉ်တစိုက် မပြတ်သော လုံ့လဝီရိယဖြင့် လုပ်ကိုင်ရမည့်လုပ်ငန်းကြီးဖြစ်သဖြင့် နိုင်ငံတော်အစိုးရသည် ၁၉၉၉ ခုနှစ်မှ စတင်ကာ မူးယစ်ဆေးဝါးပပျောက်ရေး ၁၅ နှစ် စီမံကိန်းကိုချမှတ်ပြီး ဆောင်ရွက်လျက်ရှိရာ ယခုအခါ ဒုတိယငါးနှစ်၏ ဒုတိယနှစ်ကုန်ဆုံးတော့မည်ဖြစ်ပြီး အောင်မြင်မှုများလည်း ရရှိလျက်ရှိပါသည်။

သုံးစွဲမှုလျှော့ချရေးအတွက် ဆေးစွဲလူနာများ ရှာဖွေပညာပေး စည်းရုံး ကုသပေးခြင်း၊ ပြန်လည်ထူထောင်ပေးခြင်းအားဖြင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများသုံးစွဲမှုနှင့်အတူ လိုအပ်ချက်များ ကျဆင်းလာကာ တစ်ပြိုင်တည်း ထုတ်လုပ်မှုလည်း လျော့ကျသွားမည် ဖြစ်သည့်အတွက် ကျန်းမာရေးဝန်ကြီးဌာနသည် မူးယစ်ဆေးစွဲကုသရေး ဌာနကြီး ၂၆ခု၊ ဌာနငယ် ၄၀တို့ကို တိုးချဲ့ဖွင့်လှစ်ခဲ့၏။ လူငယ်ပြန်လည် ထူထောင်ရေးစခန်းကြီး သုံးခုဖြစ်သည့် ရွှေပြည်သာ၊ ရွှေပြည်အေးနှင့် ရွှေပြည်သစ် စခန်းများကိုလည်း ပြည်ထဲရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်းဦးစီးဌာနတို့နှင့် ပူးပေါင်းတိုးချဲ့ကာ လုပ်ဆောင်လျက်ရှိပါသည်။

၂၀၀၂-၂၀၀၃ ဘဏ္ဍာရေးနှစ်မှစတင်ကာ နိုင်ငံတော်အစိုးရသည် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများပပျောက်ရေး၊ အရှိန်အဟုန်မြှင့်၍ပိုမို လုပ်ဆောင်နိုင်ရန် "New Destiny Project" ခေါ် "ပန်းတိုင်သစ်" စီမံကိန်းကို ရေးဆွဲချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ဤစီမံကိန်းအရ မူးယစ်ဆေးဝါးပပျောက်ရေးနှင့် ပတ်သက်၍ ဘိန်းစိုက်ခင်းများဖျက်ဆီးခံရသော တောင်သူများ စားဝတ်နေရေးအခက်အခဲမရှိစေရန် ဘိန်းခင်းများ ဖျက်ဆီးပြီးသည်နှင့် တစ်ပြိုင်နက် ကူညီပံ့ပိုးမှုများအဖြစ် ငွေကြေး၊ စားနပ်ရိက္ခာ၊ ဘိန်းအစားထိုး သီးနှံမျိုးစေ့များ၊ မွေးမြူရေးတိရစ္ဆာန်များနှင့်အတူ စိုက်ပျိုးမွေးမြူရေး နည်းစနစ်များဖြင့် ချက်ချင်းလက်ငင်း ဖြည့်ဆည်းပံ့ပိုးပေးခဲ့ပါသည်။

သို့အတွက် တစ်နှစ်ထက်တစ်နှစ် ဘိန်းစိုက်ပျိုးမှုကျဆင်းလျော့နည်းလာခဲ့ပါသည်။ အားလုံးသောရလဒ်သည် နိုင်ငံတော်အစိုးရ၏ သန္နိဋ္ဌာန် စိတ်ဖြင့် ဦးဆောင် အကောင်အထည်ဖော်ခြင်း၊ တက်ကြွစွာ ကွပ်ကဲကြပ်မတ် ဖြည့်ဆည်းဆောင်ရွက်ပေးခြင်း၊ ဒေသအာဏာပိုင်များ၊ တိုင်းရင်းသား ခေါင်းဆောင်များ၊ တိုင်းရင်းသားပြည်သူများကိုယ်တိုင် တက်ကြွ ပါဝင်ပူးပေါင်းဆောင်ရွက်မှုတို့ကြောင့်ဖြစ်ပါ၏။

ထို့ပြင် နိုင်ငံတော်အစိုးရသည် အိမ်နီးချင်းနိုင်ငံများ၊ ဒေသဆိုင်ရာနိုင်ငံများနှင့်အပြည်ပြည်ဆိုင်ရာနိုင်ငံများနှင့်လည်း မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်လျက် ရှိပါသည်။

ဤကဲ့သို့ နိုင်ငံနှင့်လူမျိုးအပေါ်ကြီးမားသော အန္တရာယ်နှင့် ဟန့်တားမှုများ ဖြစ်စေသည့် မူးယစ်ဆေးဝါးများဖြစ်သော ဘိန်း၊ ဘိန်းဖြူနှင့်အခြားမူးယစ်ဆေးဝါးများကို စီမံကိန်း၊စီမံချက်များချမှတ်ကာ စဉ်ဆက်မပြတ် တွန်းလှန်တိုက်ထုတ်နေသည့် ကာလမှာပင် စိတ်ကြွရူးသွပ်ဆေးသည် ကြီးမားသော အမျိုးသားရေးအန္တရာယ်အဖြစ် ဝင်ရောက်ခြိမ်းခြောက်လာပြန်ပါသည်။ စိတ်ကြွရူးသွပ်ဆေးသည် အလွန်အန္တရာယ်ကြီးမားသည့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးတစ်မျိုးဖြစ်၏။

မြန်မာနိုင်ငံသည် ရေမြေအနေအထားအရ ဆက်စပ်နေသော နယ်စပ်ဒေသများမှ ဝင်ရောက်လာသော စိတ်ကြွရူးသွပ်ဆေးများကို ဘက်ပေါင်းစုံ၊ နည်းပေါင်းစုံဖြင့် ထပ်မံ၍ တိုက်ထုတ်နေရ ပြန်လေသည်။ ၎င်းမှာ အာနိသင်အားဖြင့် ဘိန်းဖြူ၊ ဘိန်းမည်းနှင့် ဆန့်ကျင်ဘက် ဖြစ်၏။ ဘိန်းဖြူ၊ ဘိန်းမည်းသည် သုံးစွဲပြီးလျှင် စိတ်အာရုံကို ငြိမ်စေ၏။ မှိန်းစေ၏။ ယစ်မူးစေ၏။ အိပ်စေ၏။ စိတ်ကြွရူးသွပ်ဆေးကား ဆန့်ကျင်ဘက်၊ ၎င်း၏ အမည်အတိုင်း စိတ်ကို ကြွစေ၏။ လှုပ်ရှားစေ၏။ အာရုံတွေ ထွေပြားများပြားစေ၏။ မစားဘဲ၊ မအိပ်ဘဲ လှုပ်ရှားမှုများ ပြုလုပ်စေ၏။ အသက်ရှူနှုန်း၊ သွေးခုန်နှုန်း၊ သွေးပေါင်ချိန်များမြင့်တက်ကာ ချွေးထွက်များလာပြီး မောရမှန်းမသိ၊ ဆက်တိုက် မရပ်မနား လှုပ်ရှားလုပ်ကိုင်စေကာ အပြောမှား၊ အပြုမှားများဖြစ်စေပြီး မိမိသာမက ဘေးပတ်ဝန်းကျင်ရှိ အခြားသူများကိုလည်း အန္တရာယ်ပြုနိုင်ဖြစ်စေနိုင်သည်။ အမြင့်ကြီးကို အနိမ့်လေးထင်၊အနီးလေးကို အဝေးကြီးထင်၊ အကျဉ်းလေးကို အကျယ်ကြီး ထင်မြင်ကာ တွက်ဆချက်လွဲမှားသွားပြီးအန္တရာယ်ဖြစ်၍ ကြီးမားသော ထိခိုက်ဒဏ်ရာမှုများ ဖြစ်စေသည်သာမက အသက်ဆုံးရှုံးသွားသူများ ဒုနှင့်ဒေး ရှိခဲ့ပြီးဖြစ်သည်။ ဆင်ခြင်တုံတရားကင်းမဲ့သွား၍ ထင်ယောင် ထင်မှားအတွေးများ ဝင်လာပြီး ဘေးပတ်ဝန်းကျင်ရှိ သူများကိုလည်း မိမိအား အန္တရာယ် ပြုမည့်သူ၊ ရန်သူဟု ယူဆ၍ အပြောမှား၊ အပြုမှားကာ ရန်မူ တိုက်ခိုက်မှုများ ပြုတတ်ပြီး ဥပဒေအရ အရေးယူခံရခြင်း၊ အရေးပေါ် ဆေးကုသမှု ခံယူရခြင်းနှင့် အသက်ဆုံးရှုံးမှုဖြစ်ပေါ်ခြင်းများ ဖြစ်တတ်စေလေသည်။ အကြားအာရုံ၊ အမြင်အာရုံ လွဲမှားကာ ပြင်မရသော အမှားများကို ပြုစေ၏။ ပညာရေး၊စီးပွားရေး၊ လူမှုရေးတို့ကို ထိခိုက်စေပြီး လူလုံးမလှ ဘဝဆုံးရှုံးရသူများ ဖြစ်ကြရလေသည်။ စိတ်ကြွရူးသွပ်ဆေး ဆိုသည့်အတိုင်း ရူးသွပ်သူဘဝသို့လည်း ရောက်စေ၏။ စိတ်ကြွရူးသွပ်ဆေးကိုသုံးရင်း ဆေးယဉ်လာသဖြင့် တိုး၍တိုး၍ သုံးစွဲလာရာ နောက်ဆုံးအစွဲကြီး စွဲပြီး မူးယစ်ဆေးစွဲသူ၊ စိတ်ကြွရူးသွပ်ဆေးစွဲသူဘဝကို ရောက်ရလေတော့၏။ ဤအခြေအနေတွင် ကုသ၍ ရပါ၏။ သို့သော် ဆုံးရှုံးမှုများစွာ ကြုံပြီးမှ ခက်ခဲစွာကုသရလေသည်။

စိတ်ကြွရူးသွပ်ဆေးသည် ဘိန်းဖြူ၊ ဘိန်းမည်းကဲ့သို့ပင် ဥပဒေအရ တားမြစ်ထားသောဆေးဖြစ်သဖြင့် သုံးစွဲခြင်း၊ သယ်ဆောင်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းဝယ်ခြင်းဖြင့် ကြီးစွာသော ပြစ်ဒဏ်ကို ရင်ဆိုင်ခံစားရမည်ဖြစ်လေသည်။

စိတ်ကြွရူးသွပ်ဆေး (Ephedrine) သည် မြန်မာနိုင်ငံတွင် စိုက်ပျိုးထုတ်လုပ်ခြင်း လုံးဝမရှိပါ။ အိမ်နီးချင်းနိုင်ငံများမှ ဝင်ရောက်လာခြင်းသာ ဖြစ်ပါသည်။

စိတ်ကြွရူးသွပ်ဆေးကို ပါးစပ်က စားနိုင်သလို ရှူရှိုက်သုံးစွဲနိုင်လေသည်။ မသိနားမလည်သော လူငယ်များအနေဖြင့် အခြားသူများ၏ ဖြားယောင်းသွေးဆောင်မှုကြောင့် သုံးစွဲမိက မြူးကြွသလို ခံစားရခြင်း၊ ပင်ပန်းနွမ်းနယ်မှုဒဏ်ကို ခံနိုင်ရည်ရှိသကဲ့သို့ဖြစ်လာခြင်း၊ စိတ်ကြွလာခြင်းနှင့် အခြားသော လွဲမှားသော အာရုံခံစားမှုများ ဖြစ်ပေါ်လာပြီး ဂနာမငြိမ် ယောက်ယက်ခတ်ခြင်း၊ သည်းမခံနိုင်ခြင်း၊ ရန်လိုခြင်း၊ သံသယစိတ်များဝင်လာခြင်း၊ စိုးရိမ်စိတ်များ လွန်ကဲလာခြင်းတို့ ဖြစ်တတ်ပြီး ဆေးကြောင့် ရာဇဝတ်မှုများ ကျူးလွန်မိသည်အထိလည်း ဖြစ်တတ်ပါသည်။ အစားအသောက်နှင့် အအိပ်အနေနည်းပါးလာသဖြင့် သုံးစွဲရင်းခန္ဓာကိုယ် ကြုံလှီလာကာ ကျန်းမာရေးလည်း ထိခိုက်ပြီး အခြားသော ရောဂါများလည်း အလွယ်တကူ ဝင်ရောက်နိုင်ပါသည်။ အသက်ရှူနှုန်း အစဉ်သဖြင့် မြန်နေ၍ အသက်ရှူလမ်းကြောင်း ထိခိုက်ပြီး အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများ ဝင်လာနိုင်သလို ခြေတုန်၊ လက်တုန်နှင့် ဟန်ချက်ညီညီ လှုပ်ရှားမှု မရှိတော့ဘဲ လဲကျကာ ထိခိုက်ဒဏ်ရာရမှုများလည်း ဖြစ်ပေါ်စေနိုင်လေသည်။ သုံးစွဲရင်း ဆေးပမာဏ များလာသဖြင့် ခန္ဓာကိုယ်အပူချိန် အလွန်အမင်း မြင့်တက်ကာ အပူလွန်ကဲပြီး ရုတ်တရက် သေဆုံးတတ်သလို နှလုံးခုန်နှုန်းမြင့်မားခြင်း၊ သွေးပေါင်ချိန် မြင့်တက်ခြင်းတို့ကြောင့် ရုတ်တရက် ဦးနှောက်သွေးကြော ပြတ်၊ လေဖြတ်ခြင်း ဖြစ်နိုင်သလို သေဆုံးနိုင်ခြင်းသာမက နှလုံးရပ်၍သော် လည်းကောင်း၊ နှလုံးကွဲထွက်၍သော်လည်းကောင်း ရုတ်တရက် သေဆုံး နိုင်လေသည်။ သုံးစွဲနေရာမှ ရုတ်တရက်ရပ်လိုက်လျှင်လည်း မရွှင်မလန်းဖြစ်ခြင်း၊ ငေးမှိုင်နေတတ်ခြင်း၊ ဆောက်တည်ရာမရ ယောက်ယက် ခတ်ခြင်း၊ အအိပ်လွန်ခြင်းတို့နှင့်အတူ စိတ်ဓာတ်ကျဆင်းကာ မိမိကိုယ်ကို မိမိသေကြောင်း ကြံသည်အထိ ဖြစ်နိုင်လေသည်။

ဘိန်းဖြူ၊ ဘိန်းမည်းသည် လုံးဝမကောင်းသလို စိတ်ကြွရူးသွပ်ဆေး သည်လည်း လုံးဝအကျိုးမပြုသည်သာမက ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေးတို့ကို မလွဲမသွေ ထိခိုက်နစ်နာဆုံးရှုံးစေမည်ဖြစ်ပါသည်။ တိုင်းပြည်နှင့်လူမျိုးအတွက်လည်း ကြီးစွာသော အန္တရာယ်ဖြစ်ပါ၏။ ထို့ကြောင့် နိုင်ငံတော်အစိုးရသည် သုံးစွဲခြင်း၊ သယ်ယူခြင်း၊ ရောင်းဝယ်ခြင်း၊ ထုတ်လုပ်ခြင်းတို့ကို ဥပဒေနှင့်အညီ တားဆီးပိတ်ပင် အရေးယူနေသည်သာမက ပညာပေးလုပ်ငန်းများကိုလည်း ဆက်သွယ်ရေး နည်းပညာ၊ နည်းလမ်းမျိုးစုံသုံး၍ လူငယ်ထုအတွင်း၊ ပြည်သူလူထုအတွင်း သဘောပေါက် သိရှိနားလည် လိုက်နာစေရန် အစဉ်တစိုက် လုပ်ကိုင်လျက်ရှိပါသည်။ မသိနားမလည်၍ သုံးစွဲမိပြီး စိတ်ကြွရူးသွပ်ဆေးသုံးစွဲသူဘဝ ရောက်ရှိသွားသူများအားလည်း ဘိန်းဖြူ၊ ဘိန်းမည်းစွဲ လူနာများနည်းတူ ဆေးကုသမှု၊ ပြန်လည် ထူထောင်မှုများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

တရားဝင်ကုသမှုခံယူပါက လုံးဝပျောက်ကင်းပြီး မိမိ၏လူနေမှုဘဝ ပြန်လည်စိုပြည်ကောင်းမွန်၍ လူမှုရေးရာကဏ္ဍအသီးသီးတွင် ပြန်လည် ဝင်ဆံ့လာမည်ဖြစ်ပါသည်။ ဆေးကုသမှုမခံယူဘဲ ဆက်လက်သုံးစွဲနေပါက တစ်ချိန်ချိန်တွင် ဥပဒေနှင့်အညီ အရေးယူခြင်းခံရမည်မှာ ဧကန်မုချ ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ လူငယ်များသာမက မည်သူမဆို အဆုံးမသတ်နိုင်သော ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးကွင်းဆက်ဆိုးကျိုးများကို ဖြစ်ပေါ်နိုင်သည့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများကို စမ်းသပ်သုံးစွဲခြင်းသော်မှမပြုပါနှင့်။ သုံးစွဲမိလျှင် စွဲလမ်းသွားကာ အတောမသတ်နိုင်သော ဘေးဒုက္ခအဖုံဖုံနှင့် တွေ့ကြုံခံစားရမည်ဖြစ်ပါသည်။

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ တိုက်ဖျက်ခြင်းသည် လူတိုင်း၏ တာဝန်ဖြစ်သဖြင့် ဤအမျိုးသားရေး တာဝန်ကြီးကို နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲကာ လူတိုင်းလူတိုင်း ပါဝင်တိုက်ဖျက်ကြပါဟု နှိုးဆော်တိုက်တွန်းလိုက်ရပါသည်။ ။

တရုတ်နိုင်ငံ ဟန်ကျိုးမြို့ရှိ အထည်အလိပ်စက်ရုံတစ်ရုံ၏ လုပ်ငန်းခွင်တစ်နေရာကို မေ ၁၂ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

အာဖဂန်နစ္စတန်တွင် ကန်တပ်ဖွဲ့ လေကြောင်းမှတိုက်ခိုက် ပြောက်ကျားများအဖြစ် သံသယရှိသူ လေးဦးသေဆုံး

ကဘူး မေ ၁၃

အမေရိကန်တပ်ဖွဲ့ဝင်များက တာလီဘန်ပြောက်ကျားများ ပုန်းအောင်းရာဟု သံသယရှိသည့် နေရာတစ်နေရာကို တနင်္လာနေ့က လေကြောင်းမှတိုက်ခိုက်ခဲ့ရာ တာလီဘန်ပြောက်ကျားဟု သံသယရှိသူ လေးဦး သေဆုံးခဲ့ကြောင်း အမေရိကန်ဦးဆောင်သော အပေါင်းပါတပ်ဖွဲ့က ထုတ်ပြန်သည့် သတင်းကြေညာချက်တွင် ဖော်ပြထားသည်။

အာဖဂန်နစ္စတန်နိုင်ငံ ပါတီကာပြည်နယ် ဘာမယ်ခရိုင်တွင် အမေရိကန်စစ်ဘက်က လေကြောင်းမှ ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် တာလီဘန် အစွန်းရောက် လေးဦး သေဆုံးခဲ့သည်ဟု သတင်းကြေညာချက်အရ သိရှိရသည်။

အဆိုပါ တိုက်ခိုက်မှုကြောင့် တာလီဘန် အစွန်းရောက်များနေထိုင်သည့် ဂူနှင့် ၎င်းတို့အသုံးပြုသည့် မော်တော်ယာဉ်တွဲ ပျက်စီးခဲ့ရသည်ဟု ဆိုသည်။

တာလီဘန်စစ်သွေးကြွများက အမေရိကန်အပေါင်းပါတပ်ဖွဲ့၏ လှည့်ကင်းကို ၎င်းတို့ ပုန်းအောင်းနေသည့် ဂူနေရာတစ်ဝိုက်မှ ပြန်လည်ပစ်ခတ်ခဲ့ကြသည်။ အမေရိကန်တပ်ဖွဲ့ဝင်များက စစ်သွေးကြွတစ်ဦးကို ဖမ်းမိခဲ့သည်။

တာလီဘန်စစ်သွေးကြွများက ယင်းသတင်းနှင့် စပ်လျဉ်း၍ ဝေဖန်ပြောကြားမှုမရှိပေ။

အမ်အင်အေ၊ဆင်ဟွာ။

လောင်စာဝယ်လိုအား ကျဆင်းမှု စွမ်းအင်အေဂျင်စီ သုံးသပ်

နယူးယောက် မေ ၁၃

လောင်စာဆီဈေးနှုန်းများ အဆမတန် မြင့်တက်လာမှုကြောင့် ဝယ်ယူအသုံးပြုသူများ၏ ယုံကြည်မှု ထိခိုက်သွားရပြီး လောင်စာဆီသုံးစွဲမှုများကို လျှော့ချ လာခြင်းတို့ကြောင့် ဝယ်လိုအား လျော့ကျသွားသဖြင့် ရေနံဈေးနှုန်းသည် သောကြာနေ့တွင် တစ်ဒေါ်လာ ကျဆင်းသွားကြောင်း နိုင်ငံတကာ စွမ်းအင်အေဂျင်စီ (အိုင်အီးအေ)က သောကြာနေ့တွင် ပြောကြားသည်။

နိုင်ငံတကာစွမ်းအင်အေဂျင်စီသည် ရေနံဈေးနှုန်း မြင့်တက်မှုကြောင့် ကမ္ဘာ့ဈေးကွက်ဝယ်လိုအား ကျဆင်းသွားရာ ဝယ်လိုအားခန့်မှန်းချက် ပမာဏကို လျှော့ချလိုက်ရသည်။ ဓာတ်ဆီ ဈေးနှုန်းမှာ စံချိန်တင်ဈေးနှုန်း ရောက်လုနီးပါးအထိ မြင့်တက်လာခြင်းကြောင့် ကက်ထရီနာ ဟာရီကိန်းမုန်တိုင်း တိုက်ခတ်ပြီးချိန် နောက်ပိုင်းတွင် သုံးစွဲသူများ၏ ရေနံလောင်စာအပေါ် အားထားမှု အနိမ့်ဆုံးအဆင့်အထိ ရောက်ရှိသွားသည်ဟု မစ်ချီဂန် တက္ကသိုလ်၏ လေ့လာချက်တွင် ဖော်ပြထားသည်။

ရေနံနှင့်ဓာတ်ဆီ ဈေးနှုန်းမြင့်တက်မှုသည် ပြည်သူတို့၏ ဝယ်လိုအားကို ဆိုးဆိုးရွားရွား ထိခိုက်စေသည်ဟု အိုင်အီးအေမှ တာဝန်ရှိသူ လောရင့်စ်အီးဂဲလ်က ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ရေနံထွက်ပစ္စည်းဈေးနှုန်း မြှင့်တင်ရန် ဘင်္ဂလားဒေ့ရှ်အား အိုင်အမ်အက်ဖ် တိုက်တွန်း

ဒါကာ မေ ၁၃

အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်)သည် ဓာတ်ငွေ့နှင့် ရေနံထွက်ကုန်ပစ္စည်းများ ဈေးနှုန်းတိုးမြှင့်ရန် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တိုက်တွန်းထားကြောင်း၊ သို့ရာတွင် မဝေးသောအနာဂတ်၌ ယင်းကုန်ပစ္စည်းများကို ဈေးနှုန်းမြှင့်တင်မည်မဟုတ်ဟု ဘင်္ဂလားဒေ့ရှ်အစိုးရက ပြောကြားကြောင်း တာဝန်ရှိသူတစ်ဦးက စနေနေ့တွင် ပြောကြားသည်။

လောင်စာထွက်ကုန် ပစ္စည်းများကို ဈေးလျှော့ရောင်းချမှုကြောင့် ဘဏ္ဍာရေးအရ ဆုံးရှုံးနိုင်ပြီး စီးပွားရေးအရ ဝင်ငွေလျော့နည်းမှုဒဏ်ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့် ခံနိုင်ရည်ရှိမည် မဟုတ်ကြောင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရောက်ရှိနေသော အိုင်အမ်အက်ဖ် ကိုယ်စားလှယ်အဖွဲ့က အစိုးရကို ပြောကြားသည်။

သဘာဝဓာတ်ငွေ့နှင့် ရေနံထွက်ကုန်ပစ္စည်းများကို ဈေးနှုန်းလျှော့ချရောင်းချခြင်းသည် ဝင်ငွေနည်းအုပ်စုထက် ချမ်းသာသော အုပ်စုများအား ပိုမိုအမြတ်အစွန်းရှိမည် ဖြစ်ကြောင်း အိုင်အမ်အက်ဖ်က ပြောဆိုခဲ့သည်။

အိုင်အမ်အက်ဖ်အဖွဲ့၏ အမြင်ကို မိမိအနေဖြင့် လုံးဝ လက်ခံကြောင်း ဘင်္ဂလားဒေ့ရှ်ဘဏ္ဍာရေးဝန်ကြီး ဆိုဖရာမန်က ပြောကြားသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် အဆိုပါကုန်ဈေးနှုန်းများကို ကမ္ဘာ့ဈေးကွက်ဈေးနှုန်းဖြင့်မည်ဆိုပါက နိုင်ငံ၏ ရည်မှန်းချက်ဖြစ်သော စီးပွားရေး တိုးတက်မှုနှုန်း ၇ ရာခိုင်နှုန်းပြည့်မီရန် အခက်အခဲနှင့် ရင်ဆိုင်ရဖွယ်ရှိသည်။

အမ်အင်အေ၊ ဆင်ဟွာ။

တူးမြောင်းအတွင်းသို့ တင့်ကားထိုးကျ ကန်မရိန်းတပ်ဖွဲ့ဝင်လေးဦး ရေနစ်သေဆုံး

ဘဂ္ဂဒက် မေ ၁၃

အမေရိကန်မရိန်းတပ်ဖွဲ့ဝင်များ စီးနင်းလာသည့် တင့်ကားတစ်စီးသည် ဖလူးဂျာမြို့အနီးတွင် တံတားပေါ်မှ တူးမြောင်းအတွင်းသို့ ထိုးကျသွားခဲ့သဖြင့် လေးဦး ရေနစ်သေဆုံးခဲ့ကြောင်း အမေရိကန်စစ်ဘက်က သောကြာနေ့တွင်ပြောကြားသည်။

၎င်းတပ်ဖွဲ့ဝင်များသည် အမ်ဝမ်း–အေဝမ်းအေဘရာဟမ်တိုက်ခိုက်ရေးတင့်ကားတပ်မှ တပ်ဖွဲ့ဝင်များဖြစ်ကြပြီး တိုက်ခိုက်ခံရမှုကြောင့် သေဆုံးခြင်းမဟုတ်ကြောင်း စစ်ဘက်ကြေညာချက်တွင် ဖော်ပြထားသည်။ ဖလူးဂျာဒေသသည် ဆွန်နီပြောက်ကျားများ၏ ခြေကုပ်စခန်းဖြစ်သည်။ ဖလူးဂျာမြို့၏ ဒေသတစ်ဝိုက်တွင် မကြာသေးမီက အပြန်အလှန်တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့သည်။ အေဘရာဟမ်အမျိုးအစား တင့်ကားသည် တန် ၆၀ ကျော်လေးပြီး အမေရိကန် မြေပြင်တပ်ဖွဲ့များရန်သူ့နယ်မြေအတွင်း ထိုးဖောက်သွားလာရာတွင် ရှေ့ဆုံးမှ ဦးဆောင်ထိုးဖောက်သော တင့်ကားအမျိုးအစားဖြစ်သည်။ ***အမ်အင်အေ၊ရိုက်တာ။***

နယူးဇီလန်နိုင်ငံ ဖက်ရှင်ပြပွဲတွင် ပါဝင်ပြသသူ ဖက်ရှင်မယ်တစ်ဦးကို မေ ၁၁ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

အိန္ဒိယအရှေ့တောင်ပိုင်း ယာဉ်တိမ်းမှောက်မှုနှစ်မှုဖြစ်ပွား

နယူးဒေလီ မေ ၁၃

အိန္ဒိယနိုင်ငံ အရှေ့တောင်ပိုင်း အင်ဒရာပရာဒေ့ရှ်ပြည်နယ်တွင် မေ ၁၁ ရက်က ယာဉ်တိမ်းမှောက်မှုနှစ်မှု သီးခြားစီ ဖြစ်ပွားခဲ့သဖြင့် ၁၄ ဦး ထက်မနည်း သေဆုံးပြီး ၁၈ ဦးဒဏ်ရာရရှိခဲ့သည်ဟု အင်ဒို–အာရှ သတင်းဌာနက ဖော်ပြခဲ့သည်။

ဟိုက်ဒရာဘတ်မြို့ အရှေ့မြောက်ဘက် ၂၀၀ ကီလိုမီတာခန့်အကွာ ခမ်မမ်ကိုသာဂူဒမ် အဝေးပြေးလမ်း၌ မေ ၁၁ ရက် နံနက် ၂ နာရီခွဲခန့်တွင် ပုဂ္ဂလိကပိုင် ဘတ်စ်ကားနှင့် ကုန်တင်ကားတို့တိုက်မိရာ လူခြောက်ဦး သေဆုံးပြီး ၁၅ ဦး ဒဏ်ရာရရှိခဲ့သည်။

အဆိုပါယာဉ်နှစ်စီးသည် ခေါင်းချင်းဆိုင်တိုက်မိခဲ့ကြပြီး ကုန်တင်ကားပေါ်တွင် လိုက်ပါလာသူ ခရီးသည် ခြောက်ဦးမှာ အခင်းဖြစ်ပွားရာနေရာ၌ပင် ပွဲချင်းပြီး သေဆုံးခဲ့သည်။

အမ်အင်အေ၊ ဆင်ဟွာ။

ဂျပန်နိုင်ငံ အင်တီတီဒိုကိုမို ကုမ္ပဏီက ထုတ်လုပ်သည့် အင်တာနက်မှ တစ်ဆင့် ရုပ်ရှင်ဗီဒီယိုနှင့် တေးသီချင်းများကိုဖမ်းယူကြည့်ရှုနိုင်သော ဆဲလ်ဖုန်းအမျိုးအစားသစ်ကို မေ ၁၂ ရက်က ပြသနေစဉ်။
(ဓာတ်ပုံ–အင်တာနက်)

ဘဂ္ဂဒက်တွင် လမ်းဘေးဗုံးပေါက်ကွဲ

ဘဂ္ဂဒက် မေ ၁၃

အီရတ်နိုင်ငံ၏ မြို့တော်ဘဂ္ဂဒက် အနောက်ပိုင်းဒေသတွင် ကြာသပတေးနေ့က လမ်းဘေးဗုံးပေါက်ကွဲသဖြင့် အမှိုက်သိမ်းသူ ငါးဦးသေဆုံးပြီး အခြားတစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း ပြည်ထဲရေးဌာန သတင်းရပ်ကွက်က ပြောကြားသည်။

ဗုံးပေါက်ကွဲ

အဘူဂရာဖ အယ်လ်–မန်ဆာရင်ပြင်တွင် နံနက် ၉ နာရီခွဲခန့်က လမ်းဘေးဗုံးပေါက်ကွဲမှုဖြစ်ပွားသဖြင့် အမှိုက်သိမ်းသူ ဝန်ထမ်းငါးဦး သေဆုံးပြီး တစ်ဦးဒဏ်ရာရရှိခဲ့သည်။

တစ်ချိန်တည်းမှာပင် အီရတ် တရားရုံးမှ စုံစမ်းစစ်ဆေးသူ တစ်ဦးသည် ဘဂ္ဂဒက်မြို့ အနောက်ပိုင်းဒေသသို့ အလုပ်ဆင်းရန်အလာ လမ်းတွင် ကြာသပတေးနေ့က လုပ်ကြံသတ်ဖြတ်ခံခဲ့ရကြောင်း ယင်းသတင်းရပ်ကွက်က ဆက်လက်ပြောကြားသည်။

ပစ်သတ်

သေနတ် ကိုင်ဆောင်ထားသူများက ဖားရက်စ်ပူဟာမက်ကို မန်ဆာတရားရုံး ခြံဝိုင်းအနီး နံနက် ၈ နာရီခွဲခန့်တွင် ပစ်သတ်ခဲ့သည်ဟု သတင်းရပ်ကွက်က ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

H-5 N-2 ကြက်ငှက်တုပ်ကွေးရောဂါ လူ ၁၆ ဦး ကူးစက်ခံထားရဖွယ်ရှိဟုဆို

တိုကျို မေ ၁၄

ဂျပန်နိုင်ငံအရှေ့ပိုင်း အီဘာရာကီပြည်နယ်တွင် H-5 N-2 ကြက်ငှက်တုပ်ကွေးဗိုင်းရပ်စ် ရောဂါ ကူးစက်ခံထားရဖွယ်ရှိသူ ၁၆ ဦးရှိကြောင်း စမ်းသပ်စစ်ဆေးမှုရလဒ်များကို ကိုးကားလျက် ကျိုဒိုသတင်းဌာနက မေ ၁၁ ရက်တွင် သတင်းထုတ်ပြန်သည်။

H-5 N-2 ဗိုင်းရပ်စ်ပိုး ကူးစက်ခံထားရသည်ဟု သံသယရှိသူ ဂျပန်နိုင်ငံသားဦးရေသည် ၉၃ ဦးရှိကြောင်း၊ ယမန်နှစ်က အဆိုပါ ပြည်နယ်တွင် ကြက်ငှက်မွေးမြူရေးခြံများ၌ H-5 N-2 ဗိုင်းရပ်စ် ကူးစက်မှုများရှိခဲ့ကြောင်း ဒေသန္တရ အစိုးရအဖွဲ့က ပြောကြားသည်။

အမျိုးသား ကူးစက်ရောဂါထိန်းချုပ်ရေးဌာနက လူ ၁၆ ဦးကို စမ်းသပ်စစ်ဆေးခဲ့ရာတွင် ရောဂါဖြစ်ပွားသည့် လက္ခဏာများကို မတွေ့ရှိရသဖြင့် တစ်ဦးမှအခြားတစ်ဦးထံသို့ ဆက်လက်ကူးစက်နိုင်သော အန္တရာယ် မတွေ့ရှိရကြောင်း ဒေသန္တရအစိုးရအဖွဲ့က ပြောကြားသည်။

အီဘာရာကီပြည်နယ်၌ ကြက်ငှက်မွေးမြူရေးခြံပေါင်း ၄၀တွင် H-5 N-2 ဗိုင်းရပ်စ်ပိုးကို တွေ့ရှိခဲ့ပြီး ကြက်အကောင်၅ ဒသမ ၇သန်းကို သုတ်သင်ရှင်းလင်းခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။



နိုင်ဂျီးရီးယားနိုင်ငံ ပို့တ်ဟာကုတ်မြို့ရှိ ရေနံထုတ်လုပ်ရေး လုပ်ငန်းခွင်တစ်နေရာကို မေ ၁၃ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ကားတစ်စီးကလူအုပ်အတွင်း ဝင်တိုက် တစ်ဦးသေဆုံးပြီး သုံးဦးဒဏ်ရာရရှိ

လန်ဒန် မေ ၁၄

မော်တော်ယာဉ် တစ်စီးနောက်သို့ လန်ဒန်ရဲတပ်ဖွဲ့ဝင်များက ထက်ကြပ်မကွာ လိုက်လံဖမ်းဆီးနေစဉ် ယင်းမော်တော်ယာဉ်က လမ်းသွားလမ်းလာ အုပ်စုတစ်စုကို ဝင်တိုက်မိသဖြင့် အမျိုးသမီးတစ်ဦး သေဆုံးပြီး ကလေးငယ်နှစ်ဦး အပါအဝင် လူသုံးဦး အပြင်းအထန် ဒဏ်ရာရရှိခဲ့သည်။

ယင်းကိစ္စနှင့် စပ်လျဉ်း၍ စုံစမ်းစစ်ဆေးမှုများကို သောကြာနေ့တွင် ပြုလုပ်နေပြီဖြစ်သည်။

ရဲတပ်ဖွဲ့ စုံစမ်းရေးကော်မရှင်က ဆောက်ရှီးလ်ဒေသတွင် ကြာသပတေးနေ့က ဖြစ်ပွားသည့်ကိစ္စနှင့် စပ်လျဉ်း၍ စုံစမ်းစစ်ဆေးနေပြီဖြစ်ကြောင်း ပြောဆိုသည်။

သေနတ်သမား တစ်ဦးသည် မော်တော်ယာဉ်ပိုင်ရှင်ကို သေနတ်ပြပြီး ခိုးမ်းခြောက်ကာ မော်တော်ယာဉ်သော့ကို အဓမ္မရယူခဲ့သည်ဟု ဒေသဆိုင်ရာ မီဒီယာသတင်းဌာနက ဖော်ပြသည်။

ဖော်ပြပါ ကြေကွဲဖွယ်ရာဖြစ်ရပ်သည် အဆိုးရွားဆုံးသော ဖြစ်ရပ်ဖြစ်ကြောင်း၊ လမ်းလျှောက်ထွက် လာသည့် အပြစ်ကင်းမဲ့သူအမျိုးသမီးတစ်ဦး ယင်းဖြစ်ရပ်ကြောင့် အသက်ဆုံးရှုံးခဲ့ရကြောင်း ဖော်ပြပါ ကော်မရှင်မှ ရဲမင်းကြီး နီကိုလပ်စ်လောင်းက ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ထိုင်းနိုင်ငံ ဆူဖန်ဘူလီပြည်နယ်တွင် ကြက်ငှက်တုပ်ကွေးရောဂါနှင့် ပတ်သက်၍ စစ်ဆေးမှုများ ပြုလုပ်နေသည်ကို မေ ၁၃ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ကန်ရေနံကုမ္ပဏီ အမှုဆောင်တစ်ဦး နိုင်ဂျီးရီးယား၌ ပစ်သတ်ခံရ

ပို့တ်ဟာကုတ်(နိုင်ဂျီးရီးယား) မေ ၁၄

နိုင်ဂျီးရီးယားနိုင်ငံ အရှေ့တောင်ပိုင်း ရေနံထုတ်လုပ်သည့် ပို့တ်ဟာကုတ်မြို့တွင် အမေရိကန်ရေနံကုမ္ပဏီတစ်ခုမှ အမှုဆောင်တစ်ဦးဖြစ်သူ ဘေကာဟူးသည် ဗုဒ္ဓဟူးနေ့က ပစ်မှတ်ထား တိုက်ခိုက်ခံရပြီး သေဆုံးသွားခဲ့ကြောင်း အာဏာပိုင်များက ပြောကြားသည်။

ကမ္ဘာတွင် ရေနံ အဋ္ဌမအများဆုံး တင်ပို့ရောင်းချသည့် နိုင်ဂျီးရီးယားနိုင်ငံ၏ ရေနံထုတ်လုပ်မှု ကမောက်ကမဖြစ်စေရေးအတွက် နိုင်ဂျာမြစ်ဝှမ်းမှ စစ်သွေးကြွများက အဖျက်အမှောင့် လုပ်ဆောင်လျက်ရှိသည်။

ဖော်ပြပါ အမေရိကန် အမှုဆောင်ကို မော်တော်ဆိုင်ကယ် စီးနင်းလာသူတစ်ဦးက ပစ်သတ်ခဲ့ခြင်းဖြစ်ကြောင်း၊ မော်တော်ဆိုင်ကယ်စီးသူက ၎င်း၏နံဘေးတွင် မော်တော်ဆိုင်ကယ်ကို ရပ်တန့်ပြီး ပစ်ခတ်သွားခဲ့ခြင်းဖြစ်ကြောင်း ပြည်နယ်ရဲမင်းကြီး ဆင်မြူယယ်အက်ဘီတူယီက ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

မနီလာ၌ အပူပိုင်းမုန်တိုင်းကျရောက်

မနီလာ မေ ၁၅

ဖိလစ်ပိုင်နိုင်ငံတွင် မေ ၁၂ရက်က ချန်ချူးအပူပိုင်းဒေသ မုန်တိုင်းကျရောက်သွားသည့်အတွက် မြို့တော်မနီလာတောင်ပိုင်းဒေသတစ်ဝိုက်တွင် လျှပ်စစ်ဓာတ်အားများ ပြတ်တောက်ခဲ့ရကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက ပြောကြားသည်။

ထိုမုန်တိုင်းကြောင့် သစ်ပင်ကြီးများလဲကျခြင်း၊ ဆိုင်းဘုတ်များပြုတ်ထွက်ခြင်းတို့ ဖြစ်ပေါ်ပြီး လျှပ်စစ်ဓာတ်အားလိုင်းကြိုးများ ထိခိုက်ပျက်စီးရကာ လျှပ်စစ်ဓာတ်အား ပြတ်တောက်သွားရခြင်းဖြစ်သည်ဟု မီရာလ်ကို လျှပ်စစ်ဓာတ်အားပေးရေးကုမ္ပဏီမှ ပြောရေးဆိုခွင့်ရှိသူ လန်နီနာဇာရီယိုက ပြောကြားသည်။ ထိုကုမ္ပဏီသည် မနီလာဝန်းကျင်တွင် အကြီးဆုံးလျှပ်စစ်ဓာတ်အားပေးရေးကုမ္ပဏီဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ကိုကင်း ၂ ဒသမ ၉၄ တန် ကိုလံဘီယာရေတပ် သိမ်းဆည်းရမိ

ဘိုဂိုတာ မေ ၁၄

ကိုလံဘီယာရေတပ်သည် နိုင်ငံ အရှေ့တောင်ပိုင်း နာရင်နိုပြည်နယ်ရှိ တူမာကိုမြို့အနီး ပစိဖိတ်ကမ်းရိုးတန်း၏ တောအုပ်အတွင်း သိုဝှက်ထားသည့် ကိုကင်း ၂ဒသမ၉၄ တန်ကို သိမ်းဆည်းရမိကြောင်း ရေတပ်သတင်းရပ်ကွက်က ကြာသပတေးနေ့တွင် ပြောကြားသည်။

ကမ်းရိုးတန်း တောစပ်တစ်နေရာတွင် သိုဝှက်ထားသည့်အဆိုပါ သိမ်းဆည်းရမိသော မူးယစ်ဆေးဝါးများကို မက္ကဆီကိုနိုင်ငံ သို့မဟုတ် အမေရိကတိုက်အလယ်ပိုင်း နိုင်ငံတစ်နိုင်ငံမှတစ်ဆင့် အမေရိကန်နိုင်ငံအတွင်းသို့ တင်ပို့ရန် စီစဉ်ထားခဲ့သည်။

မူးယစ်ဆေးဝါးများနှင့်အတူ မည်သူတစ်ဦးတစ်ယောက်ကိုမျှ ဖမ်းဆီးခဲ့ခြင်း မရှိပေ။

ကိုလံဘီယာရေတပ်သည် ဂွိဇာမြစ်၏ မြစ်ကမ်းပါးတွင် ကိုကင်း ကီလို ၈၀၀ ကို တနင်္ဂနွေနေ့က သိမ်းဆည်းရမိခဲ့သည်။ ကိုလံဘီယာ မရိန်းနှင့် ကမ်းရိုးတန်းစောင့် တပ်ဖွဲ့သည် တူမာကိုပင်လယ်အော်တွင် လွန်ခဲ့သည့် ရက်သတ္တပတ်က မော်တော်သုံးစင်းပေါ်မှ ကိုကင်းကီလို ၇၀၀ ကို သိမ်းဆည်းရမိခဲ့သည်။

အမ်အင်အေ၊ ဆင်ဟွာ။

တရုတ်နိုင်ငံအရှေ့ပိုင်းတွင် ယာဉ်တိုက်မှုဖြစ်ပွား

ဟန်ဖောင် မေ ၁၄

တရုတ်နိုင်ငံအရှေ့ပိုင်း ကျီယန်းပြည်နယ် မြို့တော် လင်နန်မြို့တွင် တနင်္လာနေ့က အစုအပြုံလိုက် ယာဉ်တိုက်မှုဖြစ်ပွားရာ လူခုနစ်ဦး သေဆုံးပြီး သုံးဦး ထိခိုက်ဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

မြို့ဆင်ခြေဖုံးတစ်နေရာတွင် နံနက် ၆ နာရီ မိနစ် ၅၀ ခန့်က ယာဉ်များ အစုအပြုံလိုက် တိုက်မှုဖြစ်ပွားခြင်းဖြစ်သည်။

ဝင်တိုက်မိ

မျက်နှာချင်းဆိုင် မောင်းနှင်လာသော ဆိုင်ကယ် နှစ်စီးနှင့် ဆိုက်ကားတစ်စင်းတို့ကို ထရပ်ကား တစ်စီးက ဝင်တိုက်မိခြင်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ဘရာဇီးနိုင်ငံ မြို့တော် ဘရာဆီးလီးယားတွင် တယ်လီဘရာဆီးလီးယား ဆက်သွယ်ရေးကုမ္ပဏီကအသစ် ဖွင့်လှစ်ထားသော ပြည်သူသုံး တယ်လီဖုန်းရုံတစ်ရုံကို မေ ၁၂ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

နိုင်ငံတကာသတင်းများ

ဆည်အတွင်းသို့ ဘတ်စ်ကားထိုးကျ ခြောက်ဦးသေဆုံး

ခတ္တမန္ဒူ မေ ၁၄

နီပေါနိုင်ငံအရှေ့ပိုင်း ဆန်ဆာရီဒေသတွင် မေ ၁၂ရက် နံနက်ပိုင်းက ခရီးသည်တင်ဘတ်စ်ကားတစ်စီး ဆည်အတွင်းသို့ ထိုးကျခဲ့ရာ ခြောက်ဦးထက်မနည်း သေဆုံးပြီး ၃၄ဦး ဒဏ်ရာရရှိကြောင်း ဒေသဆိုင်ရာ ရဲတပ်ဖွဲ့က ပြောကြားသည်။

ခတ္တမန္ဒူမြို့ အရှေ့ဘက် ကီလိုမီတာ ၄၀၀ အကွာ နေရာတွင် ဘတ်စ်ကားလမ်းချော်မှုဖြစ်ပွားခဲ့ပြီး ဆည်ထဲသို့ ထိုးကျခဲ့ခြင်းဖြစ်သည်။ လူလေးဦးပွဲချင်းပြီး သေဆုံးခဲ့ကာ နှစ်ဦးမှာ ဆေးရုံသို့ပို့ဆောင်စဉ် လမ်းခုလတ်၌ သေဆုံးခဲ့သည်။ ဘတ်စ်ကားသည် စက်ဘီးကိုရှောင်တိမ်းမောင်းနှင်ရာမှ ကိုရှိဆည်အတွင်းသို့ ထိုးကျသွားခြင်း ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ၂၀၀၆-၂၀၀၇ ခုနှစ်တွင် ကြံခင်းမြို့နယ်အတွင်း ကျွန်းစိုက်ခင်းဧက ၁၅၀ တည်ထောင်ရန် မြေပြုပြင်ထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။
(သစ်တောရေးရာ)

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၁၅

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် မေ ၁၃ရက် မွန်းလွဲပိုင်းတွင် အင်္ဂပူမြို့နယ် မဲဇလီကုန်းကျေးရွာ ဗိုလ်အောင်ကျော်ခန်းမ တည်ဆောက်ရေးလုပ်ငန်းခွင်သို့ရောက်ရှိပြီး ခန်းမတည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ရှင်းလင်းဆောင်၌ ခန်းမဆောင်ဆောက်လုပ်ရေး တာဝန်ရှိသူများက ရှင်းလင်းတင်ပြရာ ဗဟိုအလုပ်အမှုဆောင်က လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်နှင့် အဖွဲ့သည် အင်္ဂပူမြို့နယ် ရေကျော်ကျေးရွာ တည်ငချောင်းကူး ရေကျော်တံတား ရေတိုက်စားပျက်စီးမှုကို ကြည့်ရှုစစ်ဆေးပြီး အမြန်ဆုံးယာယီတံတားထိုးရန်၊ မိုးကုန်သည်နှင့် တံတားပြန်လည်တည်ဆောက်ရန် မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်သည် ရေကျော်ကျေးရွာ အခြေခံပညာ မူလတန်းကျောင်း ကျောင်းဆောင်သစ် ဆောက်လုပ်မည့်မြေနေရာကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းသား ကျောင်းသူများ အခမဲ့ ကျောင်းအပ်နှံနိုင်စေရေးအတွက် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်နှင့် အဖွဲ့သည် အင်္ဂပူမြို့နယ် ပြည်သူ့ဆေးရုံကြီး အဆောက်အအုံသစ် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးရာ ဆေးရုံအုပ်ကြီးက လိုက်လံရှင်းလင်း တင်ပြသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်သည် အင်္ဂပူမြို့ မြို့မအခြေခံပညာ မူလတန်းကျောင်း ကျောင်းဆောင်တိုးချဲ့ပြင်ဆင်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ ကျောင်းဆောင်ဆောက်လုပ်ရေး ကော်မတီဝင်များက ရှင်းလင်းတင်ပြကြသည်။

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် မေ ၁၄ ရက် နံနက်ပိုင်းတွင် ကြံခင်းမြို့ အမှတ်(၁၀၅)သစ်စက်သို့ ရောက်ရှိလာရာ စက်ရုံရှင်းလင်းဆောင်၌ မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထွန်းနှင့် စက်ရုံမှူး လက်ထောက်မန်နေဂျာ ဦးငွေလွင်တို့က စက်ရုံ၏ လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ဝန်ကြီးက လိုအပ်သည်များကိုမှာကြားပြီး စက်ရုံအတွင်း သစ်ခွဲစိတ် လည်ပတ်မှု အဆင့်ဆင့်နှင့် ခွဲစိတ်ပြီး သစ်ခွဲသားများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်သည် ကြံခင်းမြို့နယ် ရှောက်ခုံစံပြကျေးရွာ၌ ကျင်းပသည့် ကြံခင်းမြို့နယ်အတွင်းရှိ မုန်တိုင်းဒဏ်ကြောင့် ရေဘေးသင့် ပြည်သူများအား ပံ့ပိုးလှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကား ပြောကြားသည်။ ထို့နောက် ဟသ်ာတခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဒေါက်တာသိန်းစိုးနှင့် ကြံခင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးခင်ဇော်တို့က ရှင်းလင်းတင်ပြကြသည်။ ဝန်ကြီးက အလှူငွေကျပ်သိန်း ၅၀၊ အဝတ်အထည် ၃၀၀နှင့် စားအုန်းဆီပိသာ ၁၁၀၀တို့ကို ပေးအပ်လှူဒါန်းပြီး ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် ၂၀၀၆-၂၀၀၇ခုနှစ်တွင် ကြံခင်းမြို့နယ် အတွင်း ကျွန်းစိုက်ခင်း ဧက ၁၅၀ တည်ထောင်ရန် မြေပြုပြင်ထားမှုကို ကြည့်ရှုစစ်ဆေးပြီး ကျွန်းစိုက်မည့် နေရာများကို နှစ်စဉ် တစ်ဆက်တစ်စပ်တည်း စိုက်ပျိုးသွားရန် မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးနှင့် အဖွဲ့သည် အင်္ဂပူမြို့နယ် ၂၀၀၅-၂၀၀၆ ခုနှစ် သုတေသန စံပြကျွန်းစိုက်ခင်း နှစ်ဧက ဖြစ်ထွန်းအောင်မြင်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် အင်္ဂပူမြို့ အမှတ်(၃၁)သစ်စက် နန်ကသူသို့ရောက်ရှိပြီး စက်ရုံအတွင်း သစ်ခွဲစိတ်လည်ပတ်ပုံ အဆင့်ဆင့်နှင့် သစ်ခွဲသားများကို ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ စက်ရုံရှင်းလင်းဆောင်၌ စက်ရုံမှူး လက်ထောက်မန်နေဂျာ ဦးစောရိန်ဂျယ်လွင်က စက်ရုံနှင့်ပတ်သက်သည်များကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များကို မှာကြားခဲ့သည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၆-၅-၂၀၀၆ (အင်္ဂါနေ့)

၇း၀၀	MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
၇း၀၅	တေးဂီတအစီအစဉ်
၇း၁၀	ကျန်းမာရေးအတွက် သန့်(၄)သန့်
၇း၃၅	ပြည်တွင်းသတင်းအကျဉ်း
၇း၄၅	ရော်ဘာသစ်အလုပရိဘောဂ
၈း၀၀	တေးဂီတအစီအစဉ်
၈း၀၅	နေ့စဉ်သုံး မြန်မာစာအရေးအသား
၈း၁၅	နိုင်ငံတကာသတင်းအကျဉ်း
၈း၂၀	ဆပ်ပြာစက်ရုံ(မန္တလေး)
၈း၂၅	တေးဂီတအစီအစဉ်
၈း၃၀	Sunday Talk [ဦးမျိုးမြတ်သူ၊ ဒေါက်တာဇော်သန်း၊ ကိုကို(စက်မှုတက္ကသိုလ်)]
၉း၂၅	မိုးလေဝသခန့်မှန်းချက်
၉း၃၀	ဟင်းရွက်ရေလှောင်တမံ
၉း၄၀	တေးဂီတအစီအစဉ်
၉း၄၅	ဆီးသီး၏အသုံးဝင်မှုများ
၁၀း၀၀	တေးဂီတအစီအစဉ်
၁၀း၀၅	အလွမ်းချိုချို (မျိုးစန္ဒီကျော်၊ ရန်ပိုင်စိုး၊ ဇင်မျိုး)
၁၀း၂၅	ပြည်တွင်းသတင်းအကျဉ်း
၁၀း၃၅	တေးဂီတအစီအစဉ်
၁၀း၄၀	အမှတ်(၂)သတ္တုတွင်းလုပ်ငန်း
၁၁း၀၀	တေးဂီတအစီအစဉ်
၁၁း၀၅	Teens Star (နန်းဆုရတီစိုး)
၁၁း၃၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၄၀	ရောဂါဘယကင်းဝေးဖို့ တိုင်းရင်းဆေးကိုသုံးကြစို့
၁၁း၅၅	တေးဂီတအစီအစဉ်
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါ(၅)နာရီစာ အစီအစဉ်များကို ည ၂၃း၀၀ နာရီအထိ (၃)ကြိမ် ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

ဓမ္မဗိမာန်စာပေဆုနှင့် ဆန်းလွင်စာပေဆုအတွက် ပြိုင်ပွဲဝင်စာမူများ ဖိတ်ခေါ်

ရန်ကုန် မေ ၁၅

ထေရဝါဒဗုဒ္ဓသာသနာတော် ထွန်းကားပြန့်ပွားစေရန်ရည်ရွယ်၍ ဆရာတော်ဦးသာသန(ဓမ္မာစရိယ၊ မဟာဝိဇ္ဇာ) တည်ထောင်သော "ဓမ္မဗိမာန်စာပေဆုနှင့် ဆန်းလွင်စာပေဆု"များကို ချီးမြှင့်လျက်ရှိရာ စိတ်ပါဝင်စားသူ ရဟန်းရှင်လူများ ပါဝင်ယှဉ်ပြိုင်နိုင်ရန် ဖိတ်ခေါ်ထားသည်။

ထိုပြိုင်ပွဲတွင် သာသနာ့သမိုင်းစာပေဆု (ပ-ဒု-တ)၊ အထွေထွေဓမ္မစာပေဆု (ပ-ဒု-တ)၊ ဗုဒ္ဓတရား အင်္ဂလိပ်ဘာသာစာပေဆု(ပ-ဒု-တ)၊ ဓမ္မယဉ်ကျေးမှုစာပေဆု(ပ-ဒု-တ)၊ ပိဋကတ်ကျမ်းစာ သုတေသနစာပေဆု(ပထမဆု)၊ ပုံနှိပ်ပြီး (ပထမဆု)နှင့် ဓမ္မာစရိယနှင့် ပါဠိပထမပြန် ပထမဆုရှစ်ဆု အမျိုးအစားခုနစ်မျိုးတို့ကို ရွေးချယ်ချီးမြှင့်မည်ဖြစ်ကြောင်း သိရှိရသည်။

ဓမ္မာစရိယနှင့် ပါဠိပထမပြန် ပထမဆုများကို ၂၀၀၆-၂၀၀၇ခုနှစ် စာမေးပွဲများမှ အထူးအောင် ရဟန်း၊ သာမဏေ၊ သီလရှင် ပထမဆုရသူများအားလည်းကောင်း၊ ပုံနှိပ်ပြီး ဓမ္မစာပေဆုကို ၂၀၀၆-၂၀၀၇ ခုနှစ်အတွင်း ပုံနှိပ်ထုတ်ဝေသည့် ဓမ္မစာပေစာအုပ်များထဲမှ ရွေးချယ်၍လည်းကောင်း ချီးမြှင့်မည်ဖြစ်သည်။ ပါဝင်ယှဉ်ပြိုင်လိုသူများသည် ဓမ္မဗိမာန်သို့လိပ်မူ၍ စာအုပ်နှစ်အုပ်ပို့ပေးရမည်ဖြစ်ပြီး ပြိုင်ပွဲဝင်စာမူများကို ၃၀-၉-၂၀၀၇ ရုံးချိန်အတွင်း နောက်ဆုံးထား၍ ပေးပို့ရမည်ဖြစ်ကြောင်းနှင့် ပြိုင်ပွဲဝင်ပုံစံများကို ဓမ္မဗိမာန်အမှတ်(၆၁၆)ဒုတိယထပ် ၅လမ်းနှင့် ၆ လမ်းကြား ကမ်းနားလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၁၁၃၅၉ သို့ အခမဲ့လာရောက်ထုတ်ယူနိုင်သည်။ (သတင်းစဉ်)

ရခိုင်ပြည်နယ် ဂွမြို့နယ် လေဘေးကူညီရေးစခန်းဖွင့်လှစ်

ရန်ကုန် မေ ၁၅

ရခိုင်ပြည်နယ် ဂွမြို့နယ်သို့ ဧပြီ ၂၉ရက်တွင် မာလာမုန်တိုင်းဝင်ရောက်တိုက်ခိုက်ခဲ့ရာ ပြည်သူများ၏ အိုးအိမ်များ၊ ဘာသာရေးအဆောက်အအုံများ၊ စာသင်ကျောင်းများ ပျက်စီးဆုံးရှုံးခဲ့ရသည့်အတွက် အထောက်အကူဖြစ်စေမည့် "ဂွမြို့နယ် လေဘေးကူညီရေးကော်မတီ(ရန်ကုန်)"ကို ရန်ကုန်မြို့ရှိ ရခိုင်လူမှုရေးအသင်းအဖွဲ့များ၊ မြို့နယ်၊ ခရိုင်အသင်းအဖွဲ့များမှ နာယကကြီးများ၊ အလုပ်အမှုဆောင်များ ပါဝင်ဖွဲ့စည်းပြီး "ဧညဝတီ သာသနာပြုကျောင်းတိုက်" ဦးထောင်ဗိုလ်လမ်း ဗဟန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း ၃၇၉၈၉၈ ၌ ကူညီရေးစခန်း ဖွင့်လှစ်ဆောင်ရွက်ထားရာ ၂၀၀၆ခုနှစ် ဇွန် ၁၅ရက်မတိုင်မီ မည်သူမဆို နေ့စဉ်နံနက် ၉နာရီမှ ညနေ ၅ နာရီ အတွင်း အလှူငွေများ၊ အဝတ်အထည်များ၊ စားသောက်ကုန်ပစ္စည်းများ ပါဝင်လှူဒါန်းနိုင်သည်။

အဆိုပါ လေဘေးသင့်သူများအတွက် ကူညီရေးကော်မတီအစည်းအဝေးပွဲကို ယမန်နေ့ကကျင်းပရာ ဧညဝတီသာသနာပြုကျောင်းတိုက် ပဓာနနာယက ဆရာတော်က အလှူငွေကျပ် တစ်သိန်း၊ ရခိုင် သဟာယအသင်းက ငွေကျပ်သုံးသိန်း၊ ရခိုင်အမျိုးသမီးအသင်းက ငွေကျပ်သုံးသိန်း၊ ကျောက်ဖြူအသင်းက ငွေကျပ် သုံးသိန်း၊ သံတွဲခရိုင်အသင်းက ငွေကျပ် သုံးသိန်း၊ မြောက်ဦးမြို့နယ်အသင်းက ငွေကျပ် သုံးသိန်း၊ တောင်ကုတ်မြို့နယ်အသင်းက ငွေကျပ် နှစ်သိန်း ငါးသောင်း၊ ဂွမြို့နယ်သူ မြို့နယ်သားများက ငွေကျပ် နှစ်သိန်း ငါးသောင်း၊ မြေပုံမြို့နယ်အသင်းက ငွေကျပ် တစ်သိန်း စုစုပေါင်း လှူဒါန်းငွေ ကျပ် ၂၂သိန်း ထည့်ဝင်လှူဒါန်းကြသည်။ (သတင်းစဉ်)

သုံးခွမြို့နယ် စပါယ်ချောင်ကျေးရွာ "စပယ်မြိုင်" စာကြည့်တိုက် နှစ်ပတ်လည်အထိမ်းအမှတ်နှင့် စာအုပ်လှူဒါန်းပွဲကျင်းပ

ရန်ကုန် မေ ၁၅

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် စပါယ်ချောင်ကျေးရွာ "စပယ်မြိုင်" စာကြည့်တိုက် နှစ်ပတ်လည် အထိမ်းအမှတ်နှင့် စာအုပ်လှူဒါန်းပွဲကို ယမန်နေ့တွင် "စပယ်မြိုင်" စာကြည့်တိုက်၌ ကျင်းပရာ ရန်ကုန်တောင်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးတင်မောင်အေး၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးတင်နွဲ့၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဒေါက်တာမြင့်သိန်း၊ စာကြည့်တိုက် ကော်မတီဝင်များနှင့် ကျေးလက်ပြည်သူများ တက်ရောက်သည်။

ဟောပြော

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးတင်နွဲ့က အမှာစကားပြောကြားပြီး ရန်ကုန်တောင်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးတင်မောင်အေးက စာကြည့်တိုက် ရေရှည်တည်တံ့ရေးနှင့် စာပေရေးရာများကို ဟောပြောသည်။

ယင်းနောက် စာအုပ်လှူဒါန်းပွဲကျင်းပရာ မန္တလေးမြို့မှ ဦးစိန်လှအောင်-ဒေါ်စန်းယဉ်တို့က စာအုပ်မျိုးစုံ ၄၈၆အုပ်၊ ရန်ကုန်မြို့မှ ဦးတင်ရွှေ-ဒေါ်ခင်ရီတို့က စာအုပ်မျိုးစုံ ၁၁၅အုပ်၊ ဦးသိန်း-ဒေါ်ခင်ငွေ တို့က စာအုပ်မျိုးစုံ ၁၁၂အုပ်၊ သုံးခွမြို့မှ ဦးမြင့်ဟန်-ဒေါ်ခင်ဝင်းတို့က စာအုပ်မျိုးစုံ ၅၁အုပ်၊ ဦးမြင့်ဆွေ-ဒေါ်သိန်းနွဲ့တို့က စာအုပ်မျိုးစုံ ၅၂အုပ်၊ ရန်ကုန်မြို့မှ ဦးအောင်ကျော်မြင့်-ဒေါ်နီနီဆွေတို့က စာအုပ်မျိုးစုံ အုပ် ၈၀၊ ရန်ကုန်မြို့မှ ဦးဇော်ဝင်းဟန်-ဒေါ်တင်တင်မျိုးမြင့်တို့က စာအုပ်မျိုးစုံ ၂၅၀၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ စာအုပ်မျိုးစုံအုပ် ၂၀၀၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာအုပ်မျိုးစုံအုပ် ၁၀၀၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒို့ကျေးရွာဂျာနယ် အစောင် ၃၀၊ ဦးကြည်စိုးနှင့် ဇနီးတို့က စာအုပ်မျိုးစုံ ၆၅အုပ်တို့ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးတင်နွဲ့က စာကြည့်တိုက်ကော်မတီ ဥက္ကဋ္ဌထံ ပေးအပ်လှူဒါန်းပြီး ဂုဏ်ပြုလွှာ ပေးအပ်သည်။

(သတင်းစဉ်)

ရန်ကုန်မြို့ ရွှေဘုံသာလမ်း စိန်ဇေကရာဇ် ရတနာရွှေဆိုင်မှ ဦးထွန်းထွန်းဦးနှင့် ဇနီးဒေါ်ရင်ရင်မြတို့က သဃ်န်းကျွန်းမြို့နယ်၊ (၁၆/၂)ရပ်ကွက်၊ ဗြဟ္မဝိဟာရပရိယတ္တိစာသင်တိုက်ရှိ နာရေးကူညီမှုအသင်း (ရန်ကုန်)သို့ အလှူငွေ ကျပ်နှစ်သိန်း လှူဒါန်းရာ ဥက္ကဋ္ဌ ဦးအေးသန့် လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)



ပေးအပ်လှူဒါန်း

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ဘောက်ထော် မာလာမြိုင်လမ်းနေ ဦးဘသန်း၏ အသက်(၉၃)နှစ်မြောက် မွေးနေ့အတွက် ဦးဘသန်းနှင့် သားသမီးများက ငွေကျပ်သုံးသိန်းကို အဖွဲ့ဝင် ဦးမျိုးခင်ထံ ပေးအပ်လှူဒါန်းစဉ်။
(သတင်းစဉ်)



ဗီယက်နမ်အသံလွှင့်ဌာနမှ Mr. Tran Son Ngoe ခေါင်းဆောင်သော ဗီယက်နမ် အသံလွှင့်ဌာန ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိလာရာ ကြိုဆိုသူများနှင့်အတူ တွေ့ရစဉ်။ (သတင်းစဉ်)

ဗီယက်နမ် အသံလွှင့်ကိုယ်စားလှယ်အဖွဲ့ ရောက်ရှိ

ရန်ကုန် မေ ၁၅

ဗီယက်နမ်အသံလွှင့်ဌာနနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတို့ အကြားပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်အရ ဗီယက်နမ် အသံလွှင့်ဌာန Radio the Voice of Vietnam-VOV မှ Chief of VOV's Bureau in Central Vietnam, Mr. Tran Son Ngoe ခေါင်းဆောင်ပြီး အဖွဲ့ဝင်သုံးဦး ပါဝင်သော ဗီယက်နမ် အသံလွှင့်ဌာန ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ည ၇နာရီတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာသည်။

ဗီယက်နမ်အသံလွှင့်ဌာန ကိုယ်စားလှယ်အဖွဲ့အား မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ညွှန်ကြားရေးမှူး (အသံလွှင့်) ဦးကိုကိုထွေးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

(သတင်းစဉ်)

ဒို့ကျေးရွာဂျာနယ် အတွဲ(၃) အမှတ်(၁၀) ထုတ်ဝေဖြန့်ချိ

ရန်ကုန် မေ ၁၅

ကျေးလက်နေပြည်သူများ ကျန်းမာပျော်ရွှင်ရေး၊ ခေတ်နှင့်ညီသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျန်းမာရေးဆိုင်ရာ အသိပညာ ဗဟုသုတများ ရနိုင်ရေးအတွက် ရည်ရွယ်၍ ဒို့ကျေးရွာဂျာနယ် အတွဲ(၃) အမှတ်(၁၀)ကို ယနေ့ ထုတ်ဝေ ဖြန့်ချိလိုက်ပြီဖြစ်သည်။

(ယာပုံ)

ယခုတစ်ပတ် ဂျာနယ်တွင် နည်းသစ်နှင့် ငှက်သိုက်ရှာမည်၊ အစေ့မဲ့အသီးများဖြစ်လာစေရန်၊ နို့ဦးရည်၏ အာနိသင်၊ ကီလိုမာလကာစိုက်ပျိုးရေး၊ လုပသစ်ဆန်း သစ်ခွပန်း၊ စပါးမျိုးများပြောင်းလဲရွေးချယ်ပါ၊ ဇီဝဘေးထွက်ပစ္စည်းများနှင့် အစားထိုးလောင်စာသစ်၊ ပဲပုပ်စေ့ဈေးကွက်၊ စပါးခင်းမှာ ငါးမွေးပါ၊ နို့ပိုဝက်၊ အိမ်မွေးတိရစ္ဆာန်ကြောင်လေးများ၊ အအိပ်မတော်တစ်ချက်၊ ဝက်များတွင် ဖြစ်တတ်သော ပလိပ်ရောဂါ၊ အညာတစ်ခိုက မိုးအဆိုခလေ့များ၊ ဆေးဖက်ဝင် ဆတ်သွားဖူးပင်၊ အနာအတွက် ပိစပ်ရွက်၊ ငုံး (သို့မဟုတ်) ရန်သူလာရင် အချက်ပေးတဲ့ငှက်၊ မြန်မာတို့ချစ်တဲ့ကိုရီးယားမင်းသား စသည့် ဝတ္ထု၊ ဆောင်းပါး၊ ပုံပြင်၊ ဟာသ၊ ကာတွန်း၊ ကဗျာနှင့် သတင်းကဏ္ဍများကို ဝေဝေဆာဆာ ဖော်ပြထားသည်။

ဒို့ကျေးရွာဂျာနယ်ကို အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးများ၌ ဝယ်ယူရရှိနိုင်သည်။

ဒို့ကျေးရွာဂျာနယ်အတွက် စာမူများနှင့် ကြော်ငြာများကို အမှတ် (၁၀-၁၂) (၁၀)လမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၁၇၁၃၄၀၊ ၁၇၁၃၄၂ တို့သို့ ဆက်သွယ်ပေးပို့ နိုင်သည်။ (သတင်းစဉ်)

Y.M.B.A အသင်း နှစ်(၁၀၀)ပြခန်းလှေလာ

ရန်ကုန် မေ ၁၅

ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း (Y.M.B.A) နှစ်(၁၀၀)ပြည့် ပွဲတော်အထိမ်းအမှတ် အသင်းသမိုင်းပြခန်းကို ဗဟုသုတစုံလင်စွာဖြင့် မေ ၁၁ ရက်မှ ၁၃ ရက်အထိ အမှတ် ၇၇၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်တွင် ဖွင့်လှစ်ပြသခဲ့ရာ ပြခန်းသို့ စာပေပညာရှင်များ၊ စာနယ်ဇင်းအဖွဲ့များမှ ပုဂ္ဂိုလ်များ၊ ရုပ်ရှင်ဂီတပညာရှင်များ၊ ရဟန်းရှင်လူပြည်သူများ လာရောက်ကြည့်ရှုလေ့လာကြကြောင်းသိရသည်။ (၂၃)

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် စမ်းကြီးဝရပ်ကွက် ခြံစည်းရိုးကြက်ဆူပင် စုပေါင်း စိုက်ပျိုးပွဲကို မေ ၁၄ရက်က ရပ်ကွက်အတွင်း၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးတင်ရီနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်နှင့် ရပ်ကွက် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များနှင့် ရပ်ကွက်ပြည်သူများ တက်ရောက်ကြပြီး ခြံစည်းရိုးကြက်ဆူပင် ၆၇၀၀ကို စိုက်ပျိုးကြစဉ်။ (၅၃၂)

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် (၃)ရပ်ကွက် မင်းကျောင်းလမ်းရှိ ရန်ကုန်မြို့ သစ္စာဒီပက ဝိပဿနာအဖွဲ့ချုပ် တရားပြရိပ်သာ ဆောက်လုပ်ရေးအတွက် အမေရိကန်နိုင်ငံမှ Tony Lim နှင့် အဖွဲ့က အလှူငွေကျပ် ၁၃သိန်းကို အဖွဲ့ကိုယ်စား အကျိုးဆောင်ဒေါ်မိုးစန္ဒာက ပေးအပ်လှူဒါန်းရာ ရိပ်သာဒုတိယဥက္ကဋ္ဌ ဦးခင်လှိုင်နှင့် အတွင်းရေးမှူး ဦးမြင့်သန်းတို့ လက်ခံရယူစဉ်။

(က-ပ)

ကြေးမုံ The Mirror

အင်တာနက်သတင်း

အင်ဒိုနီးရှားနိုင်ငံရှိ မီရာပီမီးတောင်ပေါက်ကွဲ မီးခိုးပြာများ၊ ချော်ရည်ပူများ ထုတ်လွှတ်နေ

ဂျကာတာ မေ ၁၅

အင်ဒိုနီးရှားနိုင်ငံရှိ မီရာပီမီးတောင်သည် သီတင်းပတ် အတော်ကြာကတည်းက လှုပ်ရှားနေခဲ့ရာမှ ယခုအခါ စတင်ပေါက်ကွဲနေပြီဖြစ်ပြီး မီးခိုးပြာများ၊ ချော်ရည်ပူများ မီးတောင်ဝမှ အရှိန်ဖြင့် ထုတ်လွှတ်လျက်ရှိသည်။

မီရာပီမီးတောင်ပေါက်ကွဲနေသည်ကို မေ ၁၅ ရက်က တွေ့မြင်ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

မီးတောင်ဆိုင်ရာ ဘူမိဗေဒပညာရှင်များက လွန်ခဲ့သော သီတင်းပတ်အနည်းငယ်မှစ၍ မီးတောင်အချိန်မရွေးပေါက်ကွဲနိုင်ကြောင်း သတိပေးထားခဲ့ကြသည်။ သက်ဆိုင်ရာ အာဏာပိုင်များကလည်း မီးတောင်ဝန်းကျင်၌ နေထိုင်သော ပြည်သူများကို ဘေးလွတ်ရာသို့ ကြိုတင်ရွှေ့ပြောင်းပေးခဲ့သည်။

နှောင့်နှေးနေ

သို့ရာတွင် အချို့သော ဒေသခံများမှာ ၎င်းတို့၏ ပစ္စည်းဥစ္စာနှင့် ကျွဲနွားတိရစ္ဆာန်များ ပျောက်ဆုံးမည်ကို စိုးရိမ်ကြသဖြင့် ရွှေ့ပြောင်းရန် နှောင့်နှေးနေခဲ့ကြသည်။ ထိုမီးတောင်ပတ်ဝန်းကျင်တွင် နေထိုင်သူဦးရေ စုစုပေါင်းမှာ ၁၄၀၀၀ မျှရှိကြောင်း ခန့်မှန်းထားသည်။

ပေါက်ကွဲ

ယခုရက်ပိုင်းအတွင်း မီးတောင်ပေါက်ကွဲနိုင်သဖြင့် သတိပေးတပ်လှန့်ထားသည့် အခြေအနေကို အမြင့်ဆုံး အနီရောင်အဆင့်သို့ တိုးမြှင့်သတ်မှတ်ခဲ့ပြီး များမကြာမီမှာပင် မီရာပီမီးတောင် ပေါက်ကွဲခဲ့ခြင်းဖြစ်သည် ထိုမီးတောင် ပေါက်ကွဲသည့်အတွက် မီးခိုးလုံးကြီးများ တက်လာသည်ကို အတော်လှမ်းလှမ်း အကွာအဝေးမှပင် မြင်တွေ့နိုင်သည်။ မီးတောင်ပေါက်ကွဲမှု အခြေ အနေကြောင့် ပျက်စီးဆုံးရှုံးမည့် အတိုင်း အတာကြီးမားမည်ကို အာဏာပိုင်များက စိုးရိမ်နေကြသည်ဟု ဆိုသည်။ **အင်တာနက်။**

ပြောင်းရွှေ့

မီရာပီ မီးတောင်ပေါက်ကွဲမှု အန္တရာယ်ကြောင့် ဒေသခံပြည်သူများအား ကားများဖြင့် ပြောင်းရွှေ့ပေးနေစဉ်။
(ဓာတ်ပုံ-အင်တာနက်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၆-၅-၂၀၀၆ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
၇:၁၅ ၄။ မျိုးချစ်တပ်မတော်
၇:၂၀ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇:၃၅ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
၄:၁၅ ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၂၀ ၅။ လက်စွမ်းပြဟန်ဂီတသံ
၄:၃၀ ၆။ အလွမ်းတေးပန်းချီချစ်သူဆီ
၄:၄၀ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၅၀ ၈။ မျိုးချစ်တပ်မတော်
၅:၁၀ ၉။ ပညာခေတ်
၅:၄၅ ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
၆:၂၀ ၁၃။ မိုးလေဝသသတင်း
၆:၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀ ၁၅။ မျှော်လင့်စောင့်စား ဂျာမနီကမ္ဘာ့ဖလား
၆:၄၀ ၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀ ၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မေတ္တာသည်သာ" အပိုင်း(၁၅)**
၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ ကျန်းမာသုတ
၂၁။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ကောင်းကင်သိုင်းကွက်" အပိုင်း(၂၉)**
၂၃။ သင့်အတွက်မနက်ဖြန်
၂၄။ အပိတ်နှုတ်ဆက်စကား
၂၅။ ပြီးပါပြီ

ရေးစီမံကိန်း ၃၀ နှင့် အခြားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး စီမံကိန်းကိုးခုကို တည်ဆောက်ပေးနိုင်ခဲ့ကြောင်း၊ ထို့ကြောင့် ယနေ့ကာလတွင် လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ်သန်း ၅၀၀၀ကျော် ထုတ်လုပ်သုံးစွဲနိုင်လျက်ရှိကြောင်း၊ ပဲခူးတိုင်းအတွင်းရှိ ရဲနွယ်၊ ခပေါင်း စသည့် ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးစီမံကိန်းများ အပါအဝင် တစ်နိုင်ငံလုံးတွင် ၁၅ ခုကိုလည်း ဆက်လက်တည်ဆောက်လျက်ရှိပြီး နောက်ထပ် စီမံကိန်း ၁၅ ခု တည်ဆောက်ရန် လျာထားကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်တွင်း ပြည်ပ သတင်းစာဆရာများက သိရှိလိုသည်များကို မေးမြန်းကြရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ဆည်မြောင်းဦးစီးဌာန၊ ရေအားလျှပ်စစ်ဦးစီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များက ပြန်လည်ဖြေကြားကြသည်။

ကြည့်ရှုလေ့လာ

ယင်းနောက် ပြည်တွင်း ပြည်ပ သတင်းစာဆရာများသည် ရဲနွယ်ရေလှောင်တမံ ဘက်စုံစီမံကိန်း ပင်မရေလှောင်တမံကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ရဲနွယ်ရေလှောင်တမံ ဘက်စုံစီမံကိန်းတွင် ပင်မရေလှောင်တမံမှာ အလျားပေ ၁၀၅၀၊ အမြင့်ပေ ၂၅၀နှင့် ရေလှောင်ပမာဏ ဧကပေ ၉၃၁၈၈၀

ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ရဲနွယ်ရေလှောင်တမံ ဘက်စုံစီမံကိန်း ရှင်းလင်းဆောင်တွင် ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

မိုးစပါးသာမက နွေစပါးပါ တိုးမြှင့်စိုက်ပျိုးရာတွင် စိုက်ပျိုးမြေဧက တိုးတက်ရရှိရေးအတွက် မြေလွ စိုက်ပျိုးရေလိုအပ်သော ဒေသများတွင် ဆည်မြောင်းတာတမံများ၊ မြစ်ရေတင်စီမံကိန်းများ၊ မြေအောက်ရေရရှိ

*** ကျောဖုံးမှ**

Francis Vertical Shaft တာဘိုင် ၁၂ဒသမ၅ မဂ္ဂါဝပ်နှစ်လုံးဖြင့် နှစ်စဉ်ပျမ်းမျှ လျှပ်စစ်ဓာတ်အားကီလိုဝပ်နာရီသန်းပေါင်း ၁၂၃ သန်း ထုတ်လုပ်ပေးနိုင်မည့်အခြေအနေ၊ တစ်နိုင်ငံလုံး၌ တည်ဆောက်ဆဲ ရေအားလျှပ်စစ်စီမံကိန်း ၁၅ ခုအနက် ၁၂ ခုမှာ ၂၀၀၆–၂၀၀၇ ဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးမည်ဖြစ်ပြီး ထိုအခါ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၁၀၀၀၀ ကျော် ထုတ်လုပ်နိုင်မည့် အခြေအနေများကိုလည်းကောင်း အသီးသီး ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ၁၉၈၈ခုနှစ် ကာလက မြန်မာနိုင်ငံ၏ စပါးထွက်နှုန်းမှာ တင်းသန်းပေါင်း ၆၅၄ တင်းသာ ထွက်ရှိခဲ့ကြောင်း၊ နိုင်ငံတော်အတွင်း ထိုစဉ်က ရှိသည့် လူဦးရေအရ ဝမ်းစာစပါး စားသုံးမှုမှာ တင်းသန်းပေါင်း ၆၀၀ ရှိခဲ့ကြောင်း။

ထို့ကြောင့် ရာသီဥတု၊ မိုးလေဝသ ပုံမှန်မဖြစ်သည့် အချို့နှစ်များတွင် စိုက်ပျိုးထုတ်လုပ်နိုင်မှု လျော့ကျခဲ့၍ စားသုံးမှုတွင် အခက်အခဲများနှင့် ကြုံတွေ့ခဲ့ရကြောင်း။

တပ်မတော်အစိုးရ နိုင်ငံတော်တာဝန်ယူခဲ့သည့် ၁၉၈၈ ခုနှစ် နောက်ပိုင်းတွင် ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု တိုးမြှင့်ရေးအတွက် မိုးစပါးကိုသာမက နွေစပါးကိုပါ တိုးချဲ့စိုက်ပျိုးစေခဲ့ကြောင်း၊ နှစ်စဉ် စပါးတင်းသန်း ၁၂၀၀ စိုက်ပျိုးထုတ်လုပ်နိုင်ရေး ရည်မှန်းချက်ထားရှိပြီး ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ မိုးစပါးရော နွေစပါးပါ စိုက်ပျိုးနိုင်သဖြင့် ထုတ်လုပ်မှု သိသိသာသာ တိုးတက်လာခဲ့ပြီး ဝမ်းစာစပါး ဖူလုံရုံသာမက ပိုလျှံလာခဲ့ပြီဖြစ်ကြောင်း။

ယင်းသို့ မိုးစပါးသာမက နွေစပါးပါ တိုးမြှင့်စိုက်ပျိုးရာတွင် နိုင်ငံတော်က စိုက်ပျိုးမြေဧက တိုးတက်ရရှိရေးအတွက် မြေလွတ်မြေရိုင်းများကို ဖော်ထုတ်ပေးခဲ့ကြောင်း၊ စိုက်ပျိုးရေလိုအပ်သော ဒေသများတွင် စိုက်ပျိုးရေ လုံလောက်စွာ ရရှိရေးအတွက် ဆည်မြောင်း တာတမံများ၊ လျှပ်စစ်မြစ်ရေတင် စီမံကိန်းများနှင့် မြေအောက်ရေ ရရှိရေးလုပ်ငန်းများကို ဖော်ဆောင်ပေးခဲ့ကြောင်း၊ (၁၇)နှစ်ကျော် ကာလတွင် ဆည်တမံပေါင်း ၁၈၅ ခုနှင့် မြစ်ရေတင် စီမံကိန်း ၂၉၃ခု တည်ဆောက် ပေးထားပြီးဖြစ်ကြောင်း၊ ဆက်လက်၍လည်း လိုအပ်သော ဒေသများ၌ ဆည်တမံများ၊ မြစ်ရေတင်စီမံကိန်းများ တည်ဆောက်ပေးလျက်ရှိကြောင်း၊ မြန်မာနိုင်ငံ စိုက်ပျိုးရေးမူဝါဒ တစ်ရပ်အဖြစ် နောင်တိုးပွားလာမည့် လူဦးရေ သန်း ၁၀၀ အထိ စားသုံးမှုဖူလုံပိုလျှံစေရန် ရည်မှန်းချက်ချမှတ် အကောင်အထည်ဖော်နေခြင်းဖြစ်ကြောင်း။

အလားတူ ၁၉၈၈ ခုနှစ်ကာလ မြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အား သုံးစွဲနိုင်မှုပမာဏမှာ ယူနစ်သန်းပေါင်း ၁၅၀၀ ကျော်သာရှိကြောင်း၊ နိုင်ငံတော်အစိုးရက ဆိုရှယ်လစ်စီးပွားရေးစနစ်အစား ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးဖော်ဆောင်ခဲ့ပြီး နောက်ပိုင်းတွင် လျှပ်စစ်ဓာတ်အား သုံးစွဲမှုမှာ များစွာမြင့်တက်လာခဲ့ကြောင်း၊ ထို့ကြောင့် လျှပ်စစ်ဓာတ်အား ပိုမိုထုတ်လုပ်နိုင်ရေးအတွက် ရေအားလျှပ်စစ်စီမံကိန်းကြီးများကို ဖော်ဆောင်ပေးခဲ့ကြောင်း။

၁၉၈၈ ခုနှစ်မှ ယနေ့အထိ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်

သိုလှောင်နိုင်သော မြေသားတမံဖြစ်ပြီး လယ်မြေ ဧက ၁၁၈၅၀၀ ခန့်ကို စိုက်ပျိုးရေဖူလုံစွာ ပေးဝေနိုင်မည့်အပြင် ရေအားလျှပ်စစ်စက်ရုံမှ ၁၂ဒသမ၅ မဂ္ဂါဝပ်နှစ်လုံးဖြင့် နှစ်စဉ်ပျမ်းမျှ လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၁၂၅ ထုတ်လုပ်နိုင်မည်ဖြစ်သည်။ ယခုအခါ ရေလှောင်တမံကို တည်ဆောက်ပြီးစီးဖွင့်လှစ်နိုင်ပြီဖြစ်ပြီး ရေအားလျှပ်စစ်စက်ရုံ တည်ဆောက်ရေး လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ခပေါင်းရေလှောင်တမံ

ထိုမှတစ်ဆင့် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် သံတမန်အဖွဲ့နာယက ဦးဆောင်

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တောင်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေ၊ ပဲခူးတိုင်းအတွင်း ဘက်စုံဖွံ့ဖြိုးတိုးတက်မှုများကို လှည့်လည်လေ့လာကြသော သံတမန်အဖွဲ့ နာယကနှင့် သံရုံးယာယီတာဝန်ခံ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ ပြည်တွင်း ပြည်ပ သတင်းစာဆရာများနှင့် စာနယ်ဇင်းဆိုင်ရာ ပုဂ္ဂိုလ်များ ရဲနွယ်ရေလှောင်တမံ ဘက်စုံစီမံကိန်း ပင်မရေလှောင်တမံကို ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

၁၂ဒသမ၅ မဂ္ဂါဝပ် စက်နှစ်လုံးဖြင့် နှစ်စဉ်ပျမ်းမျှ လျှပ်စစ်ဓာတ်အား ကီလိုဝပ် နာရီသန်းပေါင်း ၁၂၅ ထုတ်လုပ်နိုင်မည့် ရဲနွယ်ရေအားလျှပ်စစ်စက်ရုံအား တွေ့ရစဉ်။ (သတင်းစဉ်)

ရဲနွယ်ရေလှောင်တမံ ဘက်စုံစီမံကိန်း

*** လယ်မြေဧက ၁၁၈၅၀၀ ခန့်ကို စိုက်ပျိုးရေဖူလုံစွာ ပေးဝေနိုင်မည့်အပြင် ရေအားလျှပ်စစ်စက်ရုံမှ ၁၂ ဒသမ ၅ မဂ္ဂါဝပ်နှစ်လုံးဖြင့် နှစ်စဉ်ပျမ်းမျှ လျှပ်စစ်ဓာတ်အား ကီလိုဝပ် နာရီသန်းပေါင်း ၁၂၅ ထုတ်လုပ်နိုင်မည်။**

ခပေါင်းရေလှောင်တမံ ဘက်စုံစီမံကိန်း

*** စိုက်ပျိုးမြေဧက ၁၀၀၀၀၀ အား ဆည်ရေပေးဝေနိုင်မည့်အပြင် နှစ်စဉ်ပျမ်းမျှ လျှပ်စစ်ဓာတ်အားကီလိုဝပ်နာရီသန်းပေါင်း ၁၂၀ ထုတ်လုပ်နိုင်မည်။**

များကို မေးမြန်းကြရာ ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ဆည်မြောင်းဦးစီးဌာန၊ ရေအားလျှပ်စစ်ဦးစီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များက ပြန်လည်ဖြေကြားကြသည်။

ကြည့်ရှုလေ့လာ

ယင်းနောက် ပြည်တွင်း ပြည်ပ သတင်းစာဆရာများသည် ရဲနွယ်ရေလှောင်တမံ ဘက်စုံစီမံကိန်း ပင်မရေလှောင်တမံကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ရဲနွယ်ရေလှောင်တမံ ဘက်စုံစီမံကိန်းတွင် ပင်မရေလှောင်တမံမှာ အလျားပေ ၁၀၅၀၊ အမြင့်ပေ ၂၅၀နှင့် ရေလှောင်ပမာဏ ဧကပေ ၉၃၁၈၈၀

...ရှိရေးအတွက် မြေလွှတ်မြေရိုင်းများ ဖော်ထုတ်ပေးခဲ့
...များ၊ မြေအောက်ရေရရှိရေးလုပ်ငန်းများ ဖော်ဆောင်ပေးခဲ့

သိုလှောင်နိုင်သော မြေသားတမံဖြစ်ပြီး လယ်မြေ ဧက ၁၁၈၅၀၀ ခန့်ကို စိုက်ပျိုးရေဖူလုံစွာ ပေးဝေနိုင်မည့်အပြင် ရေအားလျှပ်စစ်စက်ရုံမှ ၁၂၃သမ၅ မဂ္ဂါဝပ်နှစ်လုံးဖြင့် နှစ်စဉ်ပျမ်းမျှ လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၁၂၅ ထုတ်လုပ်နိုင်မည်ဖြစ်သည်။ ယခုအခါ ရေလှောင်တမံကို တည်ဆောက်ပြီးစီးဖွင့်လှစ်နိုင်ပြီဖြစ်ပြီး ရေအားလျှပ်စစ်စက်ရုံ တည်ဆောက်ရေး လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ခပေါင်းရေလှောင်တမံ

ထိုမှတစ်ဆင့် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် သံတမန်အဖွဲ့နာယက ဦးဆောင်သော အဖွဲ့ဝင်များသည် ဒုတိယတိုင်းမှူးနှင့် အဖွဲ့ဝင်များလိုက်ပါလျက် မော်တော်ယာဉ်များဖြင့် ထွက်ခွာကြပြီး အုတ်တွင်းမြို့နယ် ခပေါင်းချောင်းနှင့် ပရိုင်းချောင်းဆုံအနီးရှိ ခပေါင်းရေလှောင်တမံဘက်စုံ စီမံကိန်းသို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်ရွက်ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၅)မှ လက်ထောက်ညွှန်ကြားရေးမှူး(၃) ဦးအောင်ဗိုလ်က စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ ရေလွှဲဥမင်လိုဏ်၊ မြေသားတမံနှင့်ကုန်းကျောတမံ တည်ဆောက်ခြင်း၊ ပင်မတမံ တည်ဆောက်ခြင်း၊ ရေပိုလွှဲနှင့် ရေလွှဲဆည် တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ ရေအားလျှပ်စစ်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဇော်မင်းက ခပေါင်းရေအားလျှပ်စစ်စီမံကိန်း၏ ရည်ရွယ်ချက်၊ စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ ရေအားလျှပ်စစ်ဦးစီးဌာနမှ ဆောင်ရွက်ရမည့် လုပ်ငန်းများဖြစ်သည့် ရေယူအဆောက်အအုံ၊ ရေထိန်းတံခါးပြွန်၊ ရေသွယ်ဥမင်လိုဏ်၊ ဖိအားမြှင့်

ပဲခူးတိုင်း ရေတာရှည်မြို့နယ် ရန်ကုန်–မန္တလေး ကားလမ်းရှိ ဆွာမင်းလမ်းကျေးရွာအုပ်စု မှန်စီကျေးရွာ ဆွာလယ်ယာမြေရှိ ရိတ်သိမ်းပြီး စပါးများ ခြွေလှေ့နေမှုကို တွေ့ရစဉ်။ (သတင်းစဉ်)

သံမဏိပိုက်လိုင်းနှင့် ဓာတ်အားပေးစက်ရုံလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုပမာဏနှင့် ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်း ပမာဏတို့ကိုလည်းကောင်း အသီးသီးရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်တွင်း ပြည်ပ သတင်းစာဆရာများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များက ပြန်လည်ဖြေကြားကြသည်။

ဆက်လက်၍ ပြည်တွင်း ပြည်ပ သတင်းစာ ဆရာများသည် ခပေါင်းရေလှောင်တမံ ဘက်စုံစီမံကိန်း ပင်မရေလှောင်တမံကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

အဆိုပါ ခပေါင်းရေလှောင်တမံ ဘက်စုံစီမံကိန်းသည် စစ်တောင်းမြစ်ဝှမ်းဒေသ ဖွံ့ဖြိုးရေးစီမံကိန်းများတွင် တစ်ခုအပါအဝင်ဖြစ်ပြီး စီမံကိန်းမှ ထွက်ရှိမည့် လျှပ်စစ်ဓာတ်အားကို နိုင်ငံတော်ဓာတ်အားကွန်ရက်မှတစ်ဆင့် တစ်နိုင်ငံလုံးသို့ ဓာတ်အားဖြန့်ဖြူးရန်၊ စစ်တောင်းမြစ်ဝှမ်းလွင်ပြင်၏ ရေလွှမ်းမိုးမှုကို ကာကွယ်ရန်၊ စစ်တောင်းမြစ်ဝှမ်း၊ တောင်ငူ၊ အုတ်တွင်းဒေသများအတွင်းရှိ လယ်မြေများသို့ သီးထပ်သီးညှပ် စိုက်ပျိုးနိုင်ရေးအတွက် ဆည်ရေပေးဝေရန်ဟူသော ရည်ရွယ်ချက်များဖြင့် အကောင်အထည်ဖော်နေသော ရေလှောင်တမံ ဘက်စုံစီမံကိန်းဖြစ်ပြီး စီမံကိန်းလုပ်ငန်းများ ပြီးစီးပါက စိုက်ပျိုးမြေဧက ၁၀၀၀၀၀ အား ဆည်ရေပေးဝေ နိုင်မည့်အပြင် နှစ်စဉ် ပျမ်းမျှ လျှပ်စစ်ဓာတ်အား ကီလိုဝပ် နာရီသန်းပေါင်း ၁၂၀ ထုတ်လုပ်နိုင်မည်ဟု သိရှိရသည်။

နွေစပါးစိုက်ခင်း

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ သံတမန်အဖွဲ့နာယကနှင့် သံတမန်အဖွဲ့ဝင်များ၊ ပြည်တွင်း ပြည်ပ သတင်းစာဆရာများနှင့် စာနယ်ဇင်းများမှ ပုဂ္ဂိုလ်များသည် ဒုတိယ တိုင်းမှူးနှင့် တပ်မတော်အရာရှိများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မော်တော်ယာဉ်များဖြင့်

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ တောင်ပိုင်းတိုင်း စစ်ဌာနချုပ်နယ်မြေ၊ ပဲခူးတိုင်းအတွင်း ဘက်စုံဖွံ့ဖြိုးတိုးတက်မှုများကို လှည့်လည်လေ့လာကြသော သံတမန်အဖွဲ့နာယကနှင့် သံရုံးယာယီတာဝန်ခံ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ ပြည်တွင်းပြည်ပသတင်းစာဆရာများနှင့် စာနယ်ဇင်းဆိုင်ရာ ပုဂ္ဂိုလ်များ ခပေါင်းရေလှောင်တမံ ဘက်စုံစီမံကိန်း ပင်မရေလှောင်တမံကို ကြည့်ရှုလေ့လာကြစဉ်။

(သတင်းစဉ်)

ဒေသခံ တောင်သူလယ်သမား ဦးဝင်းမြင့် ရှင်းလင်းဖြေကြားစဉ်။

(သတင်းစဉ်)

ပြန်လည်ထွက်ခွာကြပြီး ပဲခူးတိုင်း ရေတာရှည်မြို့နယ် ရန်ကုန်–မန္တလေး ကားလမ်းရှိ ဆွာမင်းလမ်း ကျေးရွာအုပ်စု မှန်စီရွာ ဆွာလယ်ယာမြေရှိ ဦးမောင်ကြည်၏ မနောသုခနှင့် ဆင်းသွယ်လတ် နွေစပါးစိုက်ခင်းသို့ ရောက်ရှိကြသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ●

အုတ်တွင်းမြို့နယ် ခပေါင်းချောင်းနှင့် ပရိုင်းချောင်းဆုံအနီးရှိ စိုက်ပျိုးမြေဧက ၁၀၀၀၀၀ အား ဆည်ရေပေးဝေနိုင်မည့်အပြင် နှစ်စဉ်ပျမ်းမျှ လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၁၂၀ ထုတ်လုပ်နိုင်မည့် ခပေါင်းရေလှောင်တမံ ဘက်စုံစီမံကိန်းကို တွေ့ရစဉ်။ (သတင်းစဉ်)

...ကိန်း

...ပေးဝေနိုင်မည့်အပြင်

...လုံးဖြင့် နှစ်စဉ်ပျမ်းမျှ

...၅ ထုတ်လုပ်နိုင်မည်။

...မ်ကိန်း

...နိုင်မည့်အပြင် နှစ်စဉ်

...၂၀ ထုတ်လုပ်နိုင်မည်။

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၆–၅–၂၀၀၆ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
- ၇:၁၅ ၂။ **တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ၊ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိ ပါဠိတော်**
- ၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၆။ ကဗျာပန်းဥယျာဉ်
- ၈:၀၅ ၇။ အကပြိုင်ပွဲ
- ၈:၁၀ ၈။ နှောင်းခေတ်တေးပဒေသာ
- ၈:၂၀ ၉။ ဒေသဖွံ့ဖြိုးတိုးတက်စေမည့် ဒုဋ္ဌဝတီ
- ၈:၃၀ ၁၀။ International News.
- ၈:၄၅ ၁၁။ Happy and Educational English Summer Course MRTV.
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ English for Everyday Use.
- ၄:၄၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – ပထမနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
- ၅:၀၀ ၅။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
- ၅:၁၀ ၆။ ခံစားနားဆင် တေးဇာတ်ဝင်
- ၅:၂၀ ၇။ **"သတိနဲ့ယှဉ်အသိနဲ့ပြင်" (အပိုင်း–၂) (ဝါးခယ်မရဲမောင်၊ဘုန်းလျှံ၊ မြတ်ကေသီအောင်၊ရတနာခင်၊ ဟန်နီထွန်း၊ပြည့်ဖူးခိုင်၊ နီနီရွှေရည်၊ ဆောင်းနှင်းဝေ၊အိုင်းရစ်လေပြေဦး၊ ဝိုင်းစုခိုင်သိန်း) (ဒါရိုက်တာ–မင်းအုပ်စိုး)**
- ၅:၃၀ ၈။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၆:၀၀ ၉။ ညနေခင်းသတင်း
- ၆:၃၀ ၁၀။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၁။ 'စ'စပါး တို့အားထား ပဲခူးတိုင်းရဲ့ နွေစပါး
- ၆:၄၅ ၁၂။ ကြေးမုံရိပ်သွင် တေးနှယဉ်
- ၇:၀၀ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မေတ္တာနုနု" (အပိုင်း–၁၂) (ဇာတ်သိမ်းပိုင်း)**
- ၈:၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အိပ်မက်ကမ္ဘာ" (အပိုင်း–၁၄)**
- ၁၈။ နောက်တစ်နေ့အစီအစဉ်
- ၁၉။ အစီအစဉ်ပြီး၏။

❒ ပဲခူးတိုင်းကို သုံးနှစ်အတွင်း စပါးစိုက်ဧက ခြောက်သိန်း တိုးရန် တာဝန်ပေးအပ်ထားရာ ယခုအခါ လေးသိန်းအထိ တိုးချဲ့စိုက်ပျိုးနိုင်ခဲ့ပြီ။

❒ သမားရိုးကျ စိုက်နည်းစနစ်များကို ခေတ်မီ စိုက်နည်းစနစ်များဖြင့် ပြောင်းလဲစိုက်ပျိုးလျက်ရှိ။

● စာမျက်နှာ ၉ မှ
ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းနှင့် အဖွဲ့ဝင်များအား ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယ ဗိုလ်မှူးကြီး သိန်းလွင်က ပဲခူးတိုင်းအတွင်း စပါးစိုက်ပျိုးရန် လျာထားဧက ၂၉၀၀၀၀ ဖြစ်သော်လည်း ဧကသိန်း ၃၀ ကျော် စိုက်ပျိုးနိုင်ခဲ့ရာ လျာထားချက်၏ ၁၀၉ရာခိုင်နှုန်းစိုက်ပျိုးခဲ့ပြီး တစ်ဧကအထွက်နှုန်း ၈၂တင်း ထွက်ရှိမည်ဟု စနစ်တကျ တွက်ချက်ထားရှိသည့် အခြေအနေ၊ ၁၉၈၈ ခုနှစ်အထိ နွေစပါး မစိုက်ပျိုးနိုင်ခဲ့သော်လည်း နိုင်ငံတော်၏ လယ်ယာကဏ္ဍအပေါ် အလေးထားဖြည့်ဆည်း ဆောင်ရွက်ပေးမှုများကြောင့် နွေစပါးဧက သုံးသိန်းကျော်နှင့် မိုးစပါးဧက သိန်း ၃၀ အထိ တိုးမြှင့်စိုက်ပျိုးနိုင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်တွင်းပြည်ပ သတင်းစာဆရာများနှင့် စာနယ်ဇင်းဆိုင်ရာ ပုဂ္ဂိုလ်များက သိလိုသည်များကို မေးမြန်းကြရာ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ပြန်လည်ဖြေကြားရာတွင် ပဲခူးတိုင်းကို သုံးနှစ်အတွင်း စပါးစိုက်ဧက ခြောက်သိန်းတိုးရန် တာဝန်ပေးအပ်ထားရာ ယခုအခါ လေးသိန်းအထိ တိုးချဲ့စိုက်ပျိုးနိုင်ခဲ့ပြီး ဖြစ်ကြောင်း၊ ဤကဲ့သို့ စိုက်ဧက တိုးမြှင့်ရာတွင် ပဲခူးတိုင်းအတွင်းရှိ ရေကြီးကွင်းများကို နိုင်ငံတော်၏ အစီအစဉ်ဖြင့် တာပတ်ပေးပြီး ရေမဝင်တော့သောနေရာများကို လယ်မြေဧကသစ်များ ဖော်ထုတ်ခြင်း၊ ရေအမြဲဝင်နေသော ရေနက်ကွင်းများ၌လည်း လယ်မြေဖော်ထုတ်ခြင်း၊ မြေလွတ်မြေရိုင်းများကို လယ်မြေဖော်ထုတ်တိုးချဲ့ခြင်းတို့ဖြင့် စိုက်ဧက တိုးမြှင့်လျက်ရှိကြောင်း။

ထို့အပြင် သမားရိုးကျ စိုက်နည်းစနစ်များကို ခေတ်မီစိုက်နည်းစနစ်များဖြင့် ပြောင်းလဲစိုက်ပျိုးခြင်း၊ အထွက်နှုန်းကောင်းသော စပါးမျိုးကို ပြောင်းလဲစိုက်ပျိုးခြင်း၊ လိုအပ်သော သွင်းအားစုများဖြစ်သည့် ဓာတ်မြေဩဇာ၊ သဘာဝမြေဩဇာများကို အသုံးပြုစိုက်ပျိုးခြင်းတို့ကိုလည်း ကျင့်သုံးလုပ်ကိုင်လျက်ရှိကြောင်း၊ ထို့ကြောင့် စပါးအထွက်နှုန်း တိုးတက်လာခြင်းဖြစ်ကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး သိန်းလွင်နှင့် သက်ဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံ တောင်သူလယ်သမား ဦးဝင်းမြင့်တို့က နိုင်ငံတော်ကတောင်သူလယ်သမားများ၏ လယ်ယာလုပ်ငန်းအတွက် လိုအပ်သော သွင်းအားစုများ အပါအဝင် ကူညီပံ့ပိုး ဆောင်ရွက်ပေးမှုကြောင့် စပါးအထွက်နှုန်း ကောင်းမွန်လာကာ ဒေသခံတောင်သူလယ်သမားများ၏ လူနေမှုဘဝ မြင့်မားလာမှု၊ ယခင်က သမားရိုးကျ လုပ်ကိုင်ရာမှ ယခုအခါ လယ်ယာသုံးစက်ကိရိယာများ သုံးစွဲဆောင်ရွက်နေမှု၊ တစ်နှစ်လျှင် နွေစပါးနှင့် မိုးစပါး အဆက်မပြတ် စိုက်ပျိုးထုတ်လုပ်နိုင်ပြီဖြစ်၍ စားဝတ်နေမှု ဖူလုံပြည့်စုံလာသည့်အပြင် လျှပ်စစ်ဓာတ်အား သုံးစွဲမှုလည်း ပိုမိုတိုးတက်လာကာ ကျေးရွာများတွင် ခေတ်မီ လျှပ်စစ်ပစ္စည်းများ၊ တီဗွီ၊ ဂြိုဟ်တုစလောင်းများ တပ်ဆင်အသုံးပြုလာနိုင်သည့်အခြေအနေသို့ တိုးတက်ရောက်ရှိနေပြီဖြစ်ကြောင်း၊ နိုင်ငံတော်က စီမံဖြည့်ဆည်း ဆောင်ရွက်ပေးသော အထွက်ကောင်း စပါးမျိုးများကို တစိုက်မတ်မတ် အားသွန်ခွန်စိုက် စိုက်ပျိုးလုပ်ကိုင်သွားကြမည်ဖြစ်ကြောင်းဖြင့် ဖြေကြားကြသည်။

ယင်းနောက် ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် တောင်ငူမြို့သို့ မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြသည်။ (သတင်းစဉ်)

မေ ၁၅ရက်က ကျင်းပသော သတင်းစာရှင်းလင်းပွဲတွင် မိုက်ကယ် ဘောလက်အား တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မိုက်ကယ်ဘောလက် ချယ်လ်ဆီးသို့ ရောက်ပြီ

လန်ဒန် မေ ၁၅

ဂျာမန်လူမျိုး ဘောလုံးသမား မိုက်ကယ်ဘောလက်သည် အင်္ဂလန်ဘောလုံးချန်ပီယံ ချယ်လ်ဆီးအသင်းတွင် ပါဝင်ကစားရန် သုံးနှစ်သက်တမ်းရှိ ကန်ထရိုက်စာချုပ်ကို လက်မှတ်ရေးထိုးပြီးဖြစ်ကြောင်း မေ ၁၅ ရက် အင်တာနက်သတင်းတွင် ဖော်ပြသည်။

ဂျာမနီဘောလုံးအသင်းခေါင်းဆောင် မိုက်ကယ်ဘောလက်သည် ၂၀၀၆-၂၀၀၇ ဘောလုံးရာသီမှအစပြု၍ အင်္ဂလိပ်ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲတွင် ချယ်လ်ဆီး အသင်းအတွက် ကစားပေးမည်ဖြစ်သည်။

ဘောလက်သည် ဂျာမနီနိုင်ငံရှိ ဘေယန်မြူးနစ် ဘောလုံးအသင်းမှ ချယ်လ်ဆီးအသင်းသို့ အသင်းပြောင်းရွှေ့ကြေးမရှိဘဲ ပြောင်းရွှေ့ရန် သဘောတူညီခဲ့သည်။

အသက်(၂၉)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား ဘောလက်ကို မဏ္ဍိုင်ပြုကာ အသင်းဖွဲ့စည်းပုံကိုပြင်ဆင်သွားရန် ချယ်လ်ဆီးမန်နေဂျာ ဟိုဆေးမော်ရင်ညိုက စီစဉ်လျက်ရှိသည်။

မော်ရင်ညိုသည် တနင်္လာနေ့ကကျင်းပသော သတင်းစာရှင်းလင်းပွဲတွင် ချယ်လ်ဆီးအသင်းသားတစ်ဦးအဖြစ် မိုက်ကယ်ဘောလက်အမည်အား ထုတ်ပြန်ကြေညာခဲ့သည်။ **အင်တာနက်။**

ပြည်ပအားကစားသတင်းများ

နာဒယ်လ်က ဖက်ဒဲရားကို အနိုင်ယူဗိုလ်စွဲ

ရောမ မေ ၁၅

အီတလီနိုင်ငံ ရောမမြို့တွင် တနင်္ဂနွေနေ့က ကျင်းပသော ရောမ မာစတာတင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲတွင် စပိန်လူမျိုး တင်းနစ်သမား ရာဖေးလ် နာဒယ်လ်က ဆွစ်ဇာလန်လူမျိုး တင်းနစ်အကျော်အမော်တစ်ဦး ဖြစ်သည့် ရော်ဂျာဖက်ဒဲရားကို အနိုင်ရဗိုလ်စွဲသွားသည်။



စပိန်လူမျိုး တင်းနစ်သမား ရာဖေးလ်နာဒယ်လ် အောင်ပွဲခံနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အသက်(၁၉)နှစ်အရွယ်ရှိ နာဒယ်လ်သည် ထိပ်တန်းတင်းနစ်သမား ဖက်ဒဲရားကို ၆-၇(၀/၇)၊ ၇-၆(၇/၅)၊ ၆-၄၊ ၂-၆၊ ၇-၆(၇/၅)ဖြင့် အနိုင်ရရှိသည်။ ကမ္ဘာ့နံပါတ်(၁) ဖက်ဒဲရားနှင့်

ဆွစ်ဇာလန်လူမျိုး တင်းနစ်သမား ရော်ဂျာဖက်ဒဲရား။ (ဓာတ်ပုံ-အင်တာနက်)

ပြင်သစ်အိုးပင်းချန်ပီယံ နာဒယ်လ်တို့သည် တနင်္ဂနွေနေ့က ပွဲကစားချိန် ငါးနာရီကြာမြင့်သည့် ဗိုလ်လုပွဲတွင် အကြိတ်အနယ် ကစားခဲ့ကြသဖြင့် အလွန်ပင်ပန်း နွမ်းနယ်ခဲ့ကြပြီး တနင်္လာနေ့တွင် စတင်ဖွင့်လှစ်သည့် မာစတာစီးရီး တင်းနစ်ပြိုင်ပွဲမှ နုတ်ထွက်ကြောင်း ၎င်းတို့နှစ်ဦးစလုံးက ထုတ်ပြန်ကြေညာခဲ့ကြသည်။

နာဒယ်လ်သည် ယခုပွဲတွင် အနိုင်ရရှိခြင်းဖြင့် မြေသားတင်းနစ်ကွင်း (Clay-Court) တွင် ၅၃ပွဲ ဆက်တိုက် အနိုင်ရရှိသည့် ဖက်ဒဲရား၏ စံချိန်ကို အမီလိုက်နိုင်ပြီဖြစ်သည်။ **အင်တာနက်။**

ပေးအပ်လှူဒါန်း

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် (၆)ရပ်ကွက် ဝေဇယန္တာလမ်းနေ ဒေါ်စိန်လှနှင့် မြေး မောင်ဥက္ကာဝင်းဇော်တို့၏ မွေးနေ့အထိမ်းအမှတ် ဆေးပဒေသာပင် ငွေကျပ်တစ်သိန်းတစ်ထောင်ကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

ရန်ကုန်တောင်ပိုင်းခရိုင် မော်တော်ယာဉ်လိုင်းပေါင်းစုံ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ရှင်းလင်း

ရန်ကုန် မေ ၁၅

ရန်ကုန်တောင်ပိုင်းခရိုင် မော်တော်ယာဉ်လိုင်းပေါင်းစုံ ကြီးကြပ်ရေးအဖွဲ့(အနောက်ခြမ်း)က ကြီးမှူး၍ ယာဉ်မောင်းသူနှင့် ယာဉ်နောက်လိုက်များ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း တိကျစွာ လိုက်နာဆောင်ရွက်ရေး၊ ယာဉ်တိုက်မှုမတော်တဆ လုံးဝမဖြစ်စေရေးတို့နှင့်စပ်လျဉ်း၍ တွေ့ဆုံရှင်းလင်းပွဲကို ဒလမြို့နယ်တောင်ပိုင်းခရိုင် မော်တော်ယာဉ်ရုံး၌ မေ ၁၄ရက်က ကျင်းပသည်။

ရှင်းလင်းပြောကြား

ရှင်းလင်းပွဲသို့ ယာဉ်မောင်းသူများ၊ ယာဉ်နောက်လိုက်များ၊ ယာဉ်ပိုင်ရှင်များ၊ စက်တပ်ရေယာဉ်ကြီးကြပ်ရေးအဖွဲ့များ တက်ရောက်ကြပြီး ဒလမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်အောင်နှင့် တောင်ပိုင်းခရိုင် မော်တော်ယာဉ် ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသောင်းရှိန်တို့က ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ တောင်ပိုင်းခရိုင် မော်တော်ယာဉ်ကြီးကြပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးအောင်မြင်က ယာဉ်စည်းကမ်းလိုက်နာမှုရှိစေရေး၊ စစ်ဆေးတွေ့ရှိပါက အရေးယူဆောင်ရွက်သွားမည့်အစီအစဉ်များအား ရှင်းလင်းပြောကြားသည်။ (၅၂၉)

ရွှေကျင်မြို့နယ်အတွင်း အကြမ်းဖက် သောင်းကျန်းသူအဖျက်သမားများ ထောင်ထားသည့် မိုင်းနင်းမိ၍ အပြစ်မဲ့ပြည်သူတစ်ဦး ခြေထောက်ပြတ်ဒဏ်ရာရ

နေပြည်တော် မေ ၁၅

အကြမ်းဖက် သောင်းကျန်းသူအဖျက်သမားများသည် နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို နှောင့်ယှက်ဖျက်ဆီးပြီး အပြစ်မဲ့ပြည်သူများ သေကျေ၊ ဒဏ်ရာရ၊ အထိတ်တလန့်ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် အဖျက်အမှောင့်လုပ်ရပ်များကို နည်းမျိုးစုံ အသုံးပြုလုပ်ဆောင်လျက်ရှိရာ မေ ၉ရက် နံနက် ၁၀နာရီ ၁၀မိနစ်တွင် ပဲခူးတိုင်း ရွှေကျင်မြို့ ရှမ်းကျေးရပ်ကွက်မှ ဦးငွေလှိုင်၏သမီး မနွယ် အသက်(၂၅)နှစ်သည် အဖော်သုံးဦးနှင့် အတူ တညင်းသီးခူးရန် တောတွင်းသို့ထွက်ခဲ့ရာမှ သောင်းကျန်းသူအဖျက်သမားများ ထောင်ထားသည့် မိုင်းတစ်လုံးကို နင်းမိပေါက်ကွဲပြီး မနွယ်မှာ ဝဲဘက်ခြေထောက် ခြေကျင်းဝတ်မှပြတ်၍ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

အဆိုပါ ထိခိုက်ဒဏ်ရာရရှိသည့် မနွယ်အား တာဝန်ရှိသူများက ရွှေကျင်မြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ ဆေးဝါးကုသမှုနှင့် လိုအပ်သော ပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် သောင်းကျန်းသူအဖျက်သမားများအား သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက သတင်းဖော်ထုတ်ရှင်းလင်းလျက်ရှိသည်။ (သတင်းစဉ်)

လှိုင်သာယာ၊ နတ်မောက်နှင့် ကမာရွတ်မြို့နယ်တို့၌ မီးလောင်မှုဖြစ်ပွား

ရန်ကုန် မေ ၁၅

လှိုင်သာယာမြို့နယ် စက်မှုဇုန်(၂) ဦးချိန်လမ်းရှိ ကျော်ကျော်ထွန်း ပဲဂိုဒေါင်ရှေ့၌ မေ ၁၃ရက် ညနေ ၅နာရီခန့်တွင် ပိုင်ရှင်ဦးတင်စိန်၏ကား န/၇၇၀၈ စလွန်းအဖြူရောင်(အငှားယာဉ်) စက်နှိုးစဉ် ဂက်စ်အိုးယိုစိမ့်ရာမှ မီးလောင်မှုဖြစ်ပွားရာ အင်ဂျင်ပိုင်းနှင့် ဘက်ထရီအိုး၊ ထိုင်ခုံများ မီးလောင်ခံရပြီး ငွေကျပ် ၂၀၀၀၀၀ ခန့် ဆုံးရှုံးသွားသည်။

အလားတူ နတ်မောက်မြို့နယ် အိုင်ဆောက်ကျေးရွာနေ ဒေါ်မြကြည်၏နေအိမ်၌ မေ ၁၃ရက် ညနေ ၃နာရီ ၁၅မိနစ်တွင် လက်နှီးများ ဆပ်ပြာမှုန့်ဖြင့် ရေနွေးတည်ပြီးပြုတ်ရာမှ မီးလောင်မှုဖြစ်ပွားရာ နတ်မောက်မီးသတ်စခန်းနှင့် နှစ်မိုင်ကွာဝေးသော်လည်း မီးသတ်တပ်ဖွဲ့ဝင်များ အချိန်မီသွားရောက်၍ ငြိမ်းသတ်နိုင်ခဲ့သည်။ ယင်းမီးလောင်မှုကြောင့် အိမ် ၂၂လုံး မီးလောင်ဆုံးရှုံးသွားသည်။

ထို့အတူ ကမာရွတ်မြို့နယ် အမှတ်(၅)ရပ်ကွက် မြတ်လေးငုံလမ်း အုန်းတောဘုန်းကြီးကျောင်းတိုက်အနီး ကျောင်းထိုင်ဆရာတော် ဦးပညာသာမိကျောင်းတိုက်၌ ယနေ့ နံနက် ၄နာရီခွဲတွင် ဖယောင်းတိုင်ဖြင့် ဘုရားမီးပူဇော်ရာမှ မီးလောင်မှုဖြစ်ပွားရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အထူးအရာရှိ ဗိုလ်မှူးချုပ် သူရစိုးသောင်းနှင့် မီးသတ်ဦးစီးဌာနညွှန်ကြားရေးမှူးချုပ်တို့ အနီးကပ်ကြီးကြပ်ကွပ်ကဲ၍ မီးငြိမ်းသတ်ခဲ့သည်။ ယင်းမီးလောင်မှုကြောင့် အဆိုပါဘုန်းကြီးကျောင်းနှင့် အတွင်းပစ္စည်းများ မီးလောင်ဆုံးရှုံးသွားသည်။ (သတင်းစဉ်)

အကောက်ခွန်ဦးစီးဌာန ဝန်ထမ်းမိသားစု ရဟန်းခံ၊ ရှင်ပြု၊ သီလရှင်ဝတ် အလှူတော်မင်္ဂလာကျင်းပ

ရန်ကုန် မေ ၁၅

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းနှင့်ဇနီး ဒေါ်ခင်သန်းဝင်းတို့အားအမှူးထား၍အကောက်ခွန်ဦးစီးဌာန၏ (၁၉)ကြိမ်မြောက် စုပေါင်း ရဟန်းခံ၊ ရှင်ပြု၊ သီလရှင်ဝတ် အလှူတော်မင်္ဂလာ အခမ်းအနားကို ယမန်နေ့နံနက်၉နာရီတွင် ရန်ကုန်တိုင်း အင်းစိန်မြို့နယ် အောက်မင်္ဂလာဒုံလမ်းရှိ အောင်ဆန်းတောရတပ်ဦးကျောင်းတိုက် မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ၌ ကျင်းပရာအဆိုပါကျောင်းတိုက်ပဓာနနာယက ဆရာတော် မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တသဒ္ဓမ္မ ကိတ္တိသာရနှင့် ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်လင်းနှင့် ဇနီး ဒေါ်အိအိလွင်၊ အကောက်ခွန်ဦးစီးဌာန ဝန်ထမ်းမိသားစုများ တက်ရောက်ကြည်ညို၍သိမ်ဆင်းလောင်းလှူကြသည်။

ရှေးဦးစွာ အောင်ဆန်းတောရတပ်ဦးကျောင်းတိုက် ပဓာနနာယက ဆရာတော် မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ သဒ္ဓမ္မကိတ္တိသာရထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များက မေတ္တာသုတ် ပရိတ်တော်များကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။

ထို့နောက် အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်လင်းနှင့်ဇနီး**(အပေါ်ပုံ)**အကောက်ခွန်ဝန်ထမ်းမိသားစုများက ဆရာတော် သံဃာတော်များ အားလှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြပြီး၊ ပဓာနနာယကဆရာတော် မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ သဒ္ဓမ္မကိတ္တိသာရထံမှ အနုမောဒနာတရား နာကြားကြသည်။ ထို့နောက် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ အလှူတော်မင်္ဂလာပွဲတွင် ရဟန်းလောင်း ၅၆ ပါး၊ ရှင်သာမဏေ ၁၄ပါးနှင့် သီလရှင်လောင်း ၃၄ပါးတို့ကို သာသနာ့ဘောင်သို့ သွတ်သွင်းချီးမြှင့်သည်။

(သတင်းစဉ်)

ကိုးဘွဲ့ရဆရာတော် အရှင် အာစာရာလင်္ကာရ (စစ်ကိုင်းရွှေဟင်္သာ)၏ မွေးနေ့ဝိဇာတအလှူတော်ပွဲကို မေ ၇ ရက်က သမိုင်းကျိုက်ဝိုင်း ပေါက်တန်းဒိတ်ကုန်းကျောင်းတွင် ကျင်းပရာ ပန်းဘဲတန်းမြို့နယ် မဟာဗန္ဓုလလမ်းနှင့် ရွှေဘုံသာလမ်းထိပ် ထင်းရှူးရိပ်တေးသံသွင်းနှင့် ဗီဒီယိုထုတ်လုပ်ရေးပိုင်ရှင် ကိုအင်းနှင့်ဇနီးမိသားစုက ဝိဟာရဒါန အလှူတော်ငွေ ကျပ်နှစ်သိန်း ဆက်ကပ်လှူဒါန်းစဉ်။ (က–ပ)

သာသနာ့ဗိမာန်တည်ဆောက်ရေး အလှူငွေပေးအပ်

ရန်ကုန် မေ ၁၅

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ ကျက်သရေဆောင် သာသနာ့ဗိမာန် တည်ဆောက်ရေး အလှူငွေပေးအပ်ပွဲကို မေ ၁၄ ရက် နံနက် ၈ နာရီက သာသနာ့ဗိမာန် တည်ဆောက်ရေး အုပ်ချုပ်မှု ကော်မတီရုံး၌ ကျင်းပသည်။

ရှေးဦးစွာ သန်လျင်မြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်း၊ အလယ်တန်းနှင့် မူလတန်းကျောင်းများမှ ဆရာ၊ ဆရာမများ စုပေါင်းလှူဒါန်းငွေ ကျပ် ၁၀သိန်းကို ခရိုင်ပညာရေးမှူးဦးတင်စောနှင့်တာဝန်ရှိသူများ **(အောက်ပုံ)** နှင့် သန်လျင်မြို့ ဇာတ်ရုံလမ်း မြို့မမြောက်ရပ်ကွက်နေ ဦးမြင့်ဦး–ဒေါ်စန်းလွင်မိသားစုက လှူဒါန်းငွေကျပ် ၁၁သိန်းကို ပေးအပ်လှူဒါန်းရာ သာသနာ့ဗိမာန်တည်ဆောက်ရေး အုပ်ချုပ်မှုကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြတ်စိုး (ငြိမ်း) နှင့် ဒုတိယဥက္ကဋ္ဌ ဦးတင်ရှိန်တို့က လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

သန်လျင်မြို့ သာသနာ့ဗိမာန် တည်ဆောက်ရေးအတွက် ရပ်နီးရပ်ဝေးမှ အလှူရှင်များအနေဖြင့် ရုံးအဖွဲ့(၁) ကျိုက်ခေါက်ဘုရားလမ်း ဖုန်း–၀၅၆–၂၁၀၀၄၊ ရုံးအဖွဲ့(၂) နီလာမင်းရွှေဆိုင် မြို့မဈေး၊သန်လျင် ဖုန်း–၀၅၆–၂၁၂၀၁၊ ၀၉၅၀–၁၅၀၂၁ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(၅၂၇)

ရန်ကုန်မြို့ အလုံမြို့နယ် လွတ်လပ်ရေးရပ်ကွက် လှော်ကားလမ်းနေ ဦးအောင်ဆန်းရီ–ဒေါ်တိုးတိုးရီ မိသားစုက ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေကျပ်တစ်သိန်းကို အနုနာယက ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ–နိ (ရန်ကုန်ဌာန) ဘဏ္ဍာတော်ထိန်း ဦးတင့်ဆွေထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်ရ ငါးဆူတောင်ဆရာတော် ဘဒ္ဒန္တဝါယမ(ဓမ္မာစရိယ) အရှင်သူမြတ်အား ဂုဏ်ပြုပူဇော်ပွဲကို မေ ၆ ရက်က ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ငါးဆူတောင်ကျေးရွာအုပ်စု အမှတ်(၃)ရပ်ကွက်ဇေယျာတောင်ဘုန်းတော်ကြီးသင် ပညာရေးကျောင်းတွင်ကျင်းပရာ တပည့်ဒါယကာ ဒါယိကာမများ စုပေါင်းလှူဒါန်းသည့် လှူဖွယ်ဝတ္ထုအစုစုကိုဆရာတော်ကိုယ်စား သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးစံသင်းလှိုင် လက်ခံရယူစဉ်။ (က–ပ)

သောင်ဦးမြို့ ရွှေစည်းခုံဘုရား ရင်ပြင်တော်ရှိ ဗောဓိညောင်ပင် စုပေါင်းညောင်ရေသွန်း

ရန်ကုန် မေ ၁၅

သောင်ဦးမြို့ သမိုင်းဝင် ရွှေစည်းခုံဘုရားကြီး ရင်ပြင်တော်ရှိ ဗောဓိညောင်ပင်တွင် သောင်ဦးခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့မှ စုပေါင်းညောင်ရေသွန်းပွဲကို မေ ၁၁ ရက်(ကဆုန်လပြည့်)နေ့ ညနေပိုင်းက ရွှေစည်းခုံဘုရားကြီးရင်ပြင်တော်၌ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဒုတိယဗိုလ်မှူးကြီးတေဇနှင့် ဇနီး၊ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေး၊ အတွင်းရေးမှူး ဗိုလ်မှူးတင်အောင်နှင့် ဇနီး၊ ခရိုင်အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင် ဒေါ်စုစုနှင့် အဖွဲ့ဝင်များ၊ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးဘိုကြီးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌများ၊အဖွဲ့ဝင်များ၊အမှတ်(၅)နယ်မြေ ၁၂ ရပ်ကွက်မှ ပြည်သူများ တက်ရောက်ကြသည်။

(က–ပ)

အင်အားအနည်းငယ်ရှိ မြေလျင်လှုပ်ရှား

ရန်ကုန် မေ ၁၅

၂၀၀၆ခုနှစ် မေလ ၁၅ ရက်နေ့ မြန်မာစံတော်ချိန် ၀၄ နာရီ ၄၅ မိနစ် ၅၂စက္ကန့်အချိန်တွင် မန္တလေးမြေလျင်စခန်းမှ အရှေ့တောင်ဘက် မိုင်၁၁၀ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်းကို ဗဟိုပြု၍ အင်အား ရစ်ချ်တာစကေး ၄ ဒသမ ၈ အဆင့်ရှိ အင်အားအနည်းငယ်ရှိသည့် မြေလျင်တစ်ခု လှုပ်ရှားသွားကြောင်း သက်ဆိုင်ရာမှသတင်းရရှိသည်။

မြန်မာနိုင်ငံနှင့်အနီးပတ်ဝန်းကျင်နိုင်ငံများအတွက် မိုးလေဝသအခြေအနေပြမြေပုံ



မြန်မာနိုင်ငံ အောက်ပိုင်းဒေသများတွင် မိုးပိုလာမည်

၂၀၀၆ခုနှစ်၊ မေ ၁၅ ရက်နေ့ မွန်းလွဲ ၂ နာရီအချိန် ထုတ်ပြန်ချက် ယနေ့နံနက် ၀၉း၃၀ နာရီအချိန်ထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄နာရီ အတွင်းက တနင်္သာရီတိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ဧရာဝတီတိုင်းတို့တွင် နေရာကွက်ကျား၊ မွန်ပြည်နယ်၊ မကွေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာကျဲကျဲ၊ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ မန္တလေးတိုင်းတွင် ဒေသအလိုက်နှင့် ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်း အောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **နေ့အပူချိန်များ**မှာ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် ဖြစ်မြဲထက် ၄ ဒီဂရီစင်တီဂရိတ်မှ ၅ဒီဂရီစင်တီဂရိတ်အထိ ပိုခဲ့ပြီး ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ဖြစ်မြဲအောက် ၇ ဒီဂရီစင်တီဂရိတ်မှ ၈ ဒီဂရီစင်တီဂရိတ်ထိ၊ စစ်ကိုင်းတိုင်း အထက်ပိုင်း၊ မန္တလေးတိုင်း၊ ဧရာဝတီတိုင်းနှင့် ပဲခူးတိုင်းတို့တွင် ဖြစ်မြဲအောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ကာ ကျန်ဒေသများတွင် ဖြစ်မြဲခန့်သာရှိခဲ့သည်။ **ထူးခြားသည့်နေ့အပူချိန်များ**မှာ မင်းဘူးမြို့၊ မကွေးမြို့နှင့် ဘားအံမြို့တွင် ၃၈ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များ**မှာ ကျောက်ဖြူမြို့တွင် ၃ ဒသမ ၁၁ လက်မ၊ စစ်တွေမြို့တွင် ၂ ဒသမ ၉၅ လက်မ၊ ဂွမြို့တွင် ၂ ဒသမ ၈၀ လက်မ၊ နေပြည်တော်တွင် ၂ ဒသမ ၃၃ လက်မ၊ ကျောက်ဆည်မြို့တွင် ၂ ဒသမ ၂၀ လက်မ၊ နမ့်ဆန်မြို့တွင် ၁ ဒသမ ၉၆ လက်မနှင့် မိတ္ထီလာမြို့တွင် ၁ ဒသမ ၈၅ လက်မ၊ မြင်းမူမြို့နှင့် မော်လိုက်မြို့တို့တွင် ၁ ဒသမ ၈၁ လက်မစီ၊ မကွေးမြို့တွင် ၁ ဒသမ ၆၂ လက်မနှင့် စစ်ကိုင်းမြို့တွင် ၁ ဒသမ ၄၆ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်ထူထပ်နေပြီး ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းနှင့် အရှေ့တောင်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

၂၀၀၆ ခုနှစ် မေ ၁၆ ရက် ညနေထိ ခန့်မှန်းချက်

ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းတို့တွင် နေရာအနှံ့အပြား၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် အများအားဖြင့် မိုးပိုလာမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန် ၃၂ ဒသမ ၉ ဒီဂရီစင်တီဂရိတ် (၉၁ဒီဂရီဖာရင်ဟိုက်) **၁၄–၅–၂၀၀၆**

အနိမ့်ဆုံးအပူချိန် ၂၁ ဒသမ ၄ ဒီဂရီစင်တီဂရိတ် (၇၀ ဒီဂရီဖာရင်ဟိုက်) **၁၅–၅–၂၀၀၆**

၀၉း၃၀နာရီအချိန် စိုထိုင်းဆ ၈၅ ရာခိုင်နှုန်း **၁၅–၅–၂၀၀၆**

နေပူသည့်နာရီပေါင်း ၄ ဒသမ ၈ နာရီခန့် **၁၄–၅–၂၀၀၆**

မိုးရေချိန်

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၁၅–၅–၂၀၀၆	(၀ဒသမ၁၆လက်မ)	(၀ဒသမ၁၉လက်မ)	(၀ဒသမ၉၈လက်မ)
၁–၁–၂၀၀၆ရက်မှ ယနေ့အထိ	(၇ဒသမ၁၇လက်မ)	(၈ဒသမ၅၈လက်မ)	(၈ဒသမ၁၁လက်မ)

ရန်ကုန်(ကမ္ဘာအေး)၏အများဆုံးလေတိုက်နှုန်းမှာ ၁၄–၅–၂၀၀၆ နေ့ ၁၅း၀၀ နာရီအချိန်တွင် အနောက်မြောက်ဘက်မှ တစ်နာရီ ၉ မိုင်နှုန်း တိုက်ခတ်သည်။

လူချင်းအပူး စောလူမင်းဒူးထိ၍ စောသဲမျိုးရှုံးရ ရန်ကြီးအောင်၏ပင့်ခြေ ထွန်းထွန်းအရိုက်ထိ၍ ပွဲသိမ်း

သတင်း–ဇင်လင်းထွန်း(ခနဲဖြူ)၊ ဓာတ်ပုံ–စိုးညွန့်(ကြေးမုံ)

ရန်ကုန် မေ ၁၅

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီနှင့် မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် တတိယအကြိမ် မြန်မာ့ရိုးရာလက်ဝှေ့ ရွှေခါးပတ် ချန်ပီယံပြိုင်ပွဲကြီး အကြိုဗိုလ်လုပွဲ ဒုတိယနေ့ပွဲစဉ်များကို ယမန်နေ့မွန်းလွဲ ၂နာရီက အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ဆက်လက်ကျင်းပသည်။

၅၇ ကီလိုဖယ်သာဝိတ်တန်း

ပထမဆုံးပွဲစဉ်ဖြစ်သော ပွဲစဉ် (၂၅) ၅၇ကီလိုဖယ်သာဝိတ်တန်း၌ ကျော်ဆန်း (KLN)နှင့် မိုက်ခဲ(ကျွဲမင်း) တို့ ယှဉ်ပြိုင်ကြသည်။ ကျော်ဆန်းသည် ကွာတားတွင် လူလေးအောင် (တောင်ကလေး) ဆေးမအောင်သဖြင့် ချွေးမထွက်ဘဲ အကြိုဗိုလ်လုပွဲသို့ တက်လာသူဖြစ်သည်။ မိုက်ခဲ(ကျွဲမင်း)က စောအုန်းမြင့် (မြွေဟောက်မင်း)အား အနိုင်ယူခဲ့သူဖြစ်သည်။ ခြေအရွေ့အပြောင်းများဖြင့် လက်သီးကောင်းကောင်း ထိုးသတ်သူ ကျော်ဆန်းအား မိုက်ခဲဝင်လုံးကာ တွန်းထုတ်ပစ်သည်။ ကျော်ဆန်း၏ ဘယ်ဖြောင့်၊ ညာဖြောင့်များ မိုက်ခဲမျက်နှာကို ထိသော်လည်း မိုက်ခဲက အပြုံးမပျက်။

တတိယအချီတွင် ကျော်ဆန်း မည်သို့ပင် ကြိုးစားစေကာမူ ကိုယ်အလေးချိန် လျှော့ထားသောဒဏ်နှင့် မိုက်ခဲ၏ ဒူးတိုက်၊ တံတောင်ရိုက်ချက်များသာမက ညာဖြောင့်တစ်လုံးပါ မိမိရရထိသွားသော ဒဏ်များကြောင့် တတိယအချီအပြီးတွင် စတုတ္ထအချီ ဆက်လက်မယှဉ်ပြိုင်တော့ဘဲ မိုက်ခဲကို နိုင်ပွဲပေးလိုက်ရသည်။

၎င်းဝိတ်တန်း ပွဲစဉ်(၂၆)တွင် ဒေါနပန်း(ကျွဲမင်း)နှင့် ဘိလပ်မြေမောင်မောင်(ဘိလပ်မြေစက်ရုံ) တို့ပွဲကလည်း ပရိသတ်များ အားပေးမှုရသည့်ပွဲဖြစ်သည်။ ဒေါနပန်းက ဘယ်ခြေ အမြင့်ကန်ချက်များဖြင့် ဘိလပ်မြေမောင်မောင်၏ နားထင်ကို ကန်ရင်း တိုက်စစ်ဖွင့်သည်။ ခြေကန်နောက်မှာ ဘယ်ထောက်ညာဖြောင့်တွေ လိုက်သည်။ ဒေါနပန်း၏ ညာဖြောင့်တစ်ချက် ဘိလပ်မြေမောင်မောင် ဘယ်မျက်ခုံးထက် ထိသော်လည်း ကွဲသည်ဆိုရုံမျှသာ။ တတိယအချီ ၂ မိနစ် ၄၆ စက္ကန့်တွင် ကြိုးတန်းဘေး၌ မောင်မောင်လှည့်အထွက် ဒေါနပန်းက ညာခြေဖျားဖြင့် လှမ်းပိတ်လိုက်ရာ မေးရိုးထိကာ မောင်မောင် ဝိုင်သွားသည်။ မောင်မောင်က လက်ကာထားရင်း လဲအကျ ဒေါနပန်းက ပင့်ခြေခတ်လိုက်သေးရာ ဘေးကိုပါ ထိသွား၍ ဒေါနပန်း အနိုင်ရသွားသည်။ မေ ၂၁ ရက် ဗိုလ်လုပွဲတွင် ဒေါနပန်းနှင့် မိုက်ခဲ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

၆၀ ကီလိုဝိတ်တန်း

ပွဲစဉ်(၂၇) ၆၀ ကီလိုဝိတ်တန်းတွင် ဘိုင်ရထား၍ အကြိုဗိုလ်လုပွဲမှ စောင့်နေသော စောလူမင်း(တောင်ကလေး) နှင့် ရွှေခါးပတ်ချန်ပီယံဟောင်း စောသဲမျိုး(KLN)တို့ ယှဉ်ပြိုင်ကြသည်။ ကွာတားတွင် သမိန်ရာဇာကို ပညာသားဖြင့် အနိုင်ယူလာသော စောသဲမျိုးမှာ လူမင်းနှင့်ကျမှ ပထမအချီ၌ လူချင်းအပူးတွင် စောလူမင်း၏ ညာသဲ့ဒူးက ရင်ဝကို တည့်တည့်ဝင်သောကြောင့် ရှုံးသွားရသည်။

၎င်းဝိတ်တန်း ပွဲစဉ်(၂၈)တွင် ဟိန်းညီညီ(အလင်းရောင်)က ဆေးကျသဖြင့် ဝင်းထွန်း(လယ်/ဆည်) ဗိုလ်လုပွဲသို့ တိုက်ရိုက်တက်ကာ စောလူမင်းနှင့် တွေ့ဆုံရမည်။

၆၃ ဒသမ ၅ ကီလို လိုက်ဝယ်လ်တာဝိတ်တန်း

ပွဲစဉ်(၂၉) ၆၃ ဒသမ ၅ ကီလို လိုက်ဝယ်လ်တာဝိတ်တန်းတွင် ဘိုင်ရထားသူ နဂါးလေး(မြွေဟောက်မင်း)အား မိုက်တိုင်ဆန်ကို အမှတ်ဖြင့် နိုင်လာသူ စောဝီလျံသိန်း(မရမ်းကုန်း)က ဝါးရုံပင် ကျွဲခတ်သလို မရပ်မနား လိုက်ထိုးသည်။

နှစ်ဦးစလုံး အပြန်အလှန် ထိုးရင်းကန်ရင်း ထိခိုက်မိကြသော်လည်း ထိချက်များများထိုးနိုင်သော နဂါးလေးက အမှတ်ပေးဒိုင် ငါးဦးစလုံး၏ ထောက်ခံချက်ရကာ ဗိုလ်လုပွဲတက်သွားသည်။ ဆုတော်ငွေ သဲ့ယူသော ပွဲဖြစ်သည်။

ပွဲစဉ်(၃၀) ကြယ်လင်းအောင် (တောင်ကလေး)နှင့် စောဖွဲလေး (KLN)တို့ပွဲကို ကြည့်ကောင်းမည့်ပွဲဟု ဝါသနာရှင်အားလုံးက ထင်ကြေးပေးကြသည်။ အထင်နှင့် အမြင်ကွက်တိကျသော ပွဲဖြစ်သည်။ မျက်စိမမှိတ်မျက်တောင်မခတ်စတမ်း ပွဲကြမ်းကြသူများဖြစ်သည်။ ဂျပန်ပြန်စောဖွဲလေးက ယှဉ်ခဲ့သမျှ လက်ဝှေ့သမားတိုင်းကို အလဲအကွဲ့လာခဲ့သည့် တိုက်စစ်ပိုင်ရှင်ဖြစ်သည်။ သို့ရာတွင် ဖွဲလေး၏ လက်သီးများက ကြယ်လင်းအောင်၏ မာဂုဏ်ကို မတိုးသာ။

စောဖွဲလေး၏ ဘယ်ဝိုက်လက်သီး ထိကာ ကြယ်လင်းအောင် အမှတ်စဉ် အရေခံရသလို ဒုတိယအချီတွင် ကြယ်လင်းအောင်၏ အောက်ပိုင်းဖြတ်ကန်ချက်များကြောင့် ဖွဲလေး မကြာခဏလဲကျနေသည်။ သို့ရာတွင် စောဖွဲလေးသည် စတုတ္ထအချီတွင် အမှတ်စဉ်နှစ်ခါအရေတွင် ပြန်မထနိုင်ဘဲ ရှုံးသွားရသည်။ ယင်းအတန်း၌ ဗိုလ်လုပွဲတွင် ကြယ်လင်းအောင်နှင့် နဂါးလေးတို့ ဆုံကြမည်။

လိုက်ဝိတ်တန်း (၆၀ကီလို) တွင် စောသဲမျိုး(KLM) ၏ ညာခြေကန်ချက် စောလူမင်း (တောင်ကလေး) ၏ နံကြားကိုထိမှန်သွားစဉ်။

ဓာတ်ပုံ– စိုးညွန့်(ကြေးမုံ)

၆၇ ကီလို ဝယ်လ်တာဝိတ်တန်း

ပွဲစဉ်(၃၁) ၆၇ ကီလိုဝယ်လ်တာဝိတ်တန်း၌ ရန်ကြီးအောင်(အလင်းရောင်) နှင့် ထွန်းထွန်း (၉၀၇–ဒေါန ခြေလှမ်းသစ်)တို့ ယှဉ်ပြိုင်ကြသည်။ ပွဲအစတွင် ရန်ကြီးအောင်က အရှိန်နှင့် နင်းပြီး ထိုးဝင်ရာ ထွန်းထွန်း အပြင်းဆုတ်ကာ ကြိုးတန်းနားတွင် လုံးထွေးသွားသည်။

ရန်ကြီးအောင်က ထောက်ဖြောင့် ပင့်လက်သီးသုံးရာ ထွန်းထွန်းကို ထိချက်များလာသည်။ ထို့အတူ ရန်ကြီးအောင်၏ ချုပ်ဒူးတွေကလည်း ထွန်းထွန်းကို အားပျော့စေလာသည်။ ကြိုးတန်းနားသို့ ယိုင်သွားသော ထွန်းထွန်းအား ရန်ကြီးအောင်က ခုန်ပျံကာနားထင်သို့ နင်းချလိုက်သေးသည်။ ပဥ္စမအချီ ၁ မိနစ် ၃ စက္ကန့်တွင် ရန်ကြီးအောင်၏ ညာဖြတ်ပင့်ခြေက ထွန်းထွန်း၏ အရိုက်ကိုထိရာ သက်လုံကျနေခိုက်မို့ ပွဲသိမ်းကန်ချက်ဖြစ်သွားသည်။

၎င်းဝိတ်တန်း၌ ပွဲစဉ် (၃၂)အဖြစ် သူရရဲအောင် (မြန်မာပြည်သား) နှင့် တာတိုးဝါး (ဘိလပ်မြေ) စက်ရုံတို့ပွဲမှာ ပညာသားပါပါ ထိုးသတ်သွားသော သူရရဲအောင်က အားပါပါ ထိုးသတ်သွားသော တာတိုးဝါးကို အမှတ်ပြည့်ရကာ အနိုင်ယူသွားသောပွဲဖြစ်သည်။ ပွဲမပြတ်သော်လည်း သတ်လုံးသတ်ကွက် ပေါ်ကြသဖြင့် ပရိသတ်သဘောကျသောပွဲဖြစ်ရာ အမှတ်ပေးဒိုင် ငါးဦးစလုံး၏ ဆုံးဖြတ်မှုကလည်း ပရိသတ်ဆန္ဒနှင့် မကွာခြားလှသည့်ပွဲဖြစ်သည်။

မေ ၂၁ ရက်

မေ ၂၁ ရက်တွင် သူရရဲအောင်နှင့် ရန်ကြီးအောင် မည်သူရွှေခါးပတ်ရမည်ဆိုသည်ကို စောင့်ကြည့်ရပေမည်။

(ကြေးမုံ)

ဖယ်သာဝိတ်တန်း (၅၇)ကီလိုတန်းတွင် ဒေါနပန်း (ကျွဲမင်း)၏ လက်သီးချက် ဘိလပ်မြေ မောင်မောင် (ဘိလပ်မြေစက်ရုံ) ၏ မျက်နှာကို ထိမိသွားစဉ်။

ဓာတ်ပုံ– စိုးညွန့်(ကြေးမုံ)

ကြေးမုံ The Mirror — ပြည်ပအားကစားသတင်းများ

အထွန်းတောက်ဆုံး ဘောလုံးသမားဖြစ်လာရေး ဘာကာအသင်းမှ ရော်နယ်လ်ဒင်ဟို မျှော်မှန်း

မဒရစ် မေ ၁၄

ဘရာဇီးလူမျိုး စူပါစတားဘောလုံးသမား ရော်နယ်လ်ဒင်ဟိုသည် လာမည့် ဗုဒ္ဓဟူးနေ့တွင်ကျင်းပမည့် ချန်ပီယံလိဂ်ဗိုလ်လုပွဲတွင် ၎င်း၏ ဘာစီလိုနာအသင်း အနိုင်ရရှိခြင်းဖြင့် ၎င်းကိုယ်တိုင် ဥရောပ၏ အထွန်းတောက်ဆုံး ဘောလုံးသမားဘဝကို ပိုင်ဆိုင်ရရှိလာရန် မျှော်လင့်ထားကြောင်း မေ ၁၄ ရက် အင်တာနက်သတင်းတွင် ဖော်ပြထားသည်။

ချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် စပိန် ဘာစီလိုနာအသင်းသည် အင်္ဂလန် အာဆင်နယ်အသင်းနှင့် ပြင်သစ်နိုင်ငံ မြို့တော်ပါရီရှိ စစ်တဒီဖရန့်ခ် အားကစားကွင်းတွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ယူအီးအက်ဖ်အေ ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် ၎င်း၏အသင်း အောင်ပွဲခံမည်ဟု ရော်နယ်လ်ဒင်ဟိုက မျှော်မှန်းထားသည်။

ဘာစီလိုနာအသင်းသည် ဥရောပချန်ပီယံအဖြစ် ဆုဖလားရယူနိုင်သည့် အလားအလာရှိနေပြီး မိမိတို့ အကောင်းဆုံးကို မျှော်လင့်ထားကြောင်း ရော်နယ်လ်ဒင်ဟိုက ပီအေစပို့တ်သတင်းဌာနသို့ ပြောကြားသည်။

ရော်နယ်လ်ဒင်ဟိုသည် ဖီဖာ၏ နှစ်အလိုက် ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆုကို နှစ်ကြိမ်ရရှိထားသူဖြစ်သည်။ ၎င်းသည် ဘာစီလိုနာအသင်းသို့ မရောက်ရှိမီ ပါရီစိန့်ဂျာမိန်းအသင်းတွင် ပါဝင်ကစားခဲ့သည်။

အင်တာနက်



ဘရာဇီးလူမျိုး ဘောလုံးသမား ဘာစီလိုနာကလပ်အသင်းမှ ရော်နယ်လ်ဒင်ဟိုအား တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ဂိုးသမား ဟိုဆေးရေနာစွမ်းဆောင်မှုကြောင့် လီဗာပူး အက်ဖ်အေဖလားရရှိ

လန်ဒန် မေ ၁၃

အင်္ဂလိပ် အက်ဖ်အေဖလား ဗိုလ်လုပွဲ၌ ဝက်စ်ဟမ်းအသင်းကို ပိုင်နယ်တီဖြင့် အနိုင်ရရှိခဲ့ပြီး ချန်ပီယံဆုဖလားရရှိရာတွင် အဓိကစွမ်းဆောင်ခဲ့သူ လီဗာပူးဂိုးသမား စပိန်လူမျိုး ဟိုဆေးရေနာ၏ အခန်းကဏ္ဍကို အသင်းခေါင်းဆောင် စတီဗင်ဂျရတ်က ချီးကျူးလိုက်ကြောင်း မေ ၁၃ရက် အင်တာနက်သတင်းတွင် ဖော်ပြထားသည်။

ဂိုးသမား ရေနာသည် အချိန်ပို ကစားပြီးသည်အထိ ဝက်စ်ဟမ်း၏ ဂိုးများအနက် နှစ်ဂိုးမှအပ ကျန်ဂိုးများအားလုံးကို ကာကွယ်နိုင်ခဲ့ကြောင်း၊ ပယ်နယ်တီ အဆုံးအဖြတ်ကို ရယူရာတွင် ပယ်နယ်တီ ဂိုးသုံးဂိုးကို ကာကွယ်နိုင်ခဲ့ကြောင်း ဂျရတ်က ပြောကြားသည်။

အချိန်ပို ကစားပြီးချိန်အထိ တစ်ဖက်သုံးဂိုးစီဖြင့် သရေကျနေချိန်တွင် မိမိတို့အတွက် ကံတရားကိုသာ အားကိုးနိုင်တော့ကြောင်း၊ ဂိုးသမား ရေနာ၏ စွမ်းဆောင်မှုအရ မိမိတို့အသင်း အောင်ပွဲခံနိုင်ကြောင်း ဂျရတ်က ပြောကြားသည်။ ***အင်တာနက်။***

လီဗာပူး အသင်း၏ ဂိုးသမား ဟိုဆေးရေနာ။

(ဓာတ်ပုံ–အင်တာနက်)

မီးဘေးရှောင် မလောင်ခင်တား

ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲဝင်အသင်းများ၏ ပုံရိပ်လွှာ

အုပ်စုအဆင့်ကျော်ဖြတ်ရန် ကြိုးစားရမည့် ချက်



ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ အကြို

ဂမ်ဆိုင်း

ချက်သည် ၂၀၀၂ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲသို့ ချက်ကိုစလိုဗက်ကီးယားအသင်း၏ အစိတ်အပိုင်းတစ်ခုအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရသည်။ ချက်ကိုစလိုဗက်ကီးယား အသင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်စဉ်အချိန်က ပါရမီရှင် ဘောလုံးမျိုးဆက်သစ်ကလေးများသည် ကမ္ဘာ့ပြိုင်ပွဲကြီးများတွင် ဝင်ရောက် ခြေစွမ်းပြခွင့်မရဘဲဖြစ်ခဲ့ရသည်။ ချက်သမ္မတနိုင်ငံအဖြစ် ပေါ်ထွန်းလာချိန်မှစပြီး ပါရမီရှင် ဘောလုံးသမားများသည် ကမ္ဘာ့အဆင့်ပြိုင်ပွဲများသို့ ဝင်ရောက်ခြေစွမ်းပြခွင့်ရကြသည်။

ပါရမီရှင် မျိုးဆက်သစ်များသည်ပင် အခုအခါ အသက်အရွယ်ရလာပြီဖြစ်သည်။ ဗလာဒီမာစမိုက်ဆာနှင့် ရာဇဝင်တင်လောက်အောင် ဂိုးသွင်းစံချိန်တင်နိုင်သူ ဂျန်ခိုလာတို့သည် ၃၂ နှစ်အတွင်းသို့ ရောက်ရှိနေစဉ် ပေဗယ်နက်ဗက်ဒ်၊ ခါရီလ်ပိုဘော့စကီး၊ တောမက်ဂလက်ဆက်တို့ကလည်း ၃၃ နှစ်စီ ရှိနေကြပြီဖြစ်သည်။

ဤကစားသမားများ၏ စွမ်းရည်မှာ ယုံကြည်စိတ်ချနေရဆဲပင် ဖြစ်သည်။ သို့သော် နည်းပြဆရာ ကာရီလ်ဘရက်ခ်နာအနေဖြင့် ကမ္ဘာ့ဖလားပွဲတွင် အခက်အခဲ အကျပ်အတည်းဖြင့် အုပ်စုအဆင့်ကို ကျော်ဖြတ်ဖို့ ကြိုးစားရမည်ဖြစ်သည်။ ချက်အသင်းအဖွဲ့ အုပ်စုတွင် အီတလီ၊ အမေရိကန်၊ ဂါနာအသင်းတို့နှင့် တစ်အုပ်စုထဲ ကျပြီးနောက် သူက–

"ဦးဆုံး ကျွန်တော်တို့ လုပ်ရမှာက အုပ်စုက ကျွတ်အောင်လုပ်ဖို့ပဲ၊ အုပ်စုက ကျပ်တယ်လို့ ပြောလို့ရတယ်"ဟု ပြောသည်။

အသက် (၆၆) နှစ်အရွယ်ရှိပြီ ဖြစ်သော နည်းပြဆရာကြီး ဘရက်ခ်နာကို ပြိုင်ဘက်အသင်းများက အထင်သေး၍တော့မရပေ။

"အီတလီရော၊ အမေရိကန်ပါ ကျွန်တော်တို့နဲ့ ခြေရည်တူအသင်းတွေပဲ။ ကိုယ်ကအနိုင်ရအောင်လုပ်ဖို့ လိုတယ်" ဟု ဘရက်ခ်နာက ဆိုသည်။

၂၀၀၄ ယူရိုပြိုင်ပွဲတွင် ချက်အသင်းသည် ဆီမီးဖိုင်နယ်အထိ ရောက်သည်။ ယခု ကမ္ဘာ့ဖလားပြိုင်ပွဲတွင် နက်ဗက်ဒ်၊ ပိုဘော့စကီး၊ ဂလက်ဆက်စ်၊ လူငယ်ခြေတက်ကစားသမား တောမတ်စ်ရိုဆစ်စကီးတို့သည် ကွင်းလယ်မှနေပြီး အင်ပြည့်အားပြည့် ကစားကြလိမ့်မည်။ ဤအုပ်စုအား ပြိုင်ဘက်များက ရှိန်ကြမည်။

ချက် အမျိုးသားဘောလုံးအသင်း၏ နည်းပြချုပ် ကာရီလ်ဘရက်ခ်နာအား တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

၂၀၀၄ ယူရို ပြိုင်ပွဲပြီးသည့်နောက် နက်ဗက်ဒ်သည် နိုင်ငံတကာ ဘောလုံးပြိုင်ပွဲများမှ အနားယူသွားခဲ့သည်။ သို့သော် နက်ဗက်ဒ်၏ ကစားအားမှာ ယခုတိုင်ရှိနေဆဲပင် ဖြစ်သည်။ ၂၀၀၆ ခုနှစ် ကမ္ဘာ့ဖလားနောက်ဆုံးအဆင့်ပြိုင်ပွဲသို့ တက်ရောက် ကစားခွင့်ရရေး၊ မရရေးအတွက် လိပ်ခဲ တည်းလည်းဖြစ်နေသောကြောင့် ချက်သည် နော်ဝေနှင့် အဆုံးအဖြတ်ပွဲ ကစားရမည်။ မကစားမီ မီဒီယာများက နက်ဗက်ဒ်အား ပါဝင်ကစားရန် ဝိုင်းဝန်းရေးသား တောင်းဆိုကြသည်။

၂၀၀၆ ခုနှစ် မတ် ၁ ရက်က တူရကီနိုင်ငံတွင် တူရကီဘောလုံးအသင်းနှင့် ချစ်ကြည်ရေး ခြေစမ်းပွဲ ယှဉ်ပြိုင်ကစားသည့် ချက်သမ္မတနိုင်ငံ ဘောလုံးအသင်းကို တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

နက်ဗက်ဒ် ပါဝင်ခြင်းမရှိသော ချက်အသင်းသည် ခြေစစ်ပွဲတွင် အကြီးအကျယ် အရေးမလှဖြစ်နေရသည်။ နက်ဗက်ဒ် ပါဝင်လာပြီးနောက် ၎င်း၏ ပင်ကိုစွမ်းရည်၊ ကျားကုတ်ကျားခဲကစားတတ်သော စွမ်းရည်များကြောင့် ချက်အသင်းသည် နော်ဝေနှင့် နှစ်ကျော့ပြန် ကစားရာတွင် နှစ်ပွဲစလုံးအနိုင်ရသည်။ ဂျာမနီမြေတွင်လည်း နက်ဗက်ဒ်သည် ဤစွမ်းရည်အတိုင်း ပါဝင်ကစားသွားလိမ့်မည်ဖြစ်သည်။

ချက်အသင်း၏ နောက်တန်းမှာ တည်ငြိမ်မှုမရှိသေးဘဲ ဖြစ်နေသည်။ အနည်းငယ် စိုးရိမ်စရာများရှိသည်။ ဂိုးသမားကြီး ပီတာချက်သည် ချယ်လ်ဆီးတွင် ပါဝင်ကစားနေပြီး ပြိုင်ဘက်ကင်းသူ၊ အားကိုးရသူဖြစ်သည်။ နည်းပြဆရာ ဘရက်ခ်နာက–

"အသင်းထဲက ကစားသမားတော်တော်များများက အတူတူတွဲကစားလာကြတာကြာပြီ။ ကစားတဲ့ပုံစံကို အမျိုးမျိုး ပြင်ဆင်ထားတာ အကောင်းဆုံးပဲလေ။ ဒါဟာ ကျွန်တော်တို့ရဲ့ အားသာချက်တစ်ခုလို့ ပြောနိုင်ပါတယ်။ အခု ကျွန်တော်လုပ်ထားတဲ့ စနစ်ထဲကို ဒဏ်ရာရထားတဲ့ ကစားသမားများနဲ့ အတွေ့အကြုံရဖို့အတွက် လူသစ်ကစားသမားတွေ ထည့်ကစားလို့မရဘူး။ ထည့်ကစားလို့ကတော့ ကျွန်တော်တို့ စီမံထားတာတွေ ပျက်သွားနိုင်တယ်" ပြောသည်။

ရှေ့တန်းမှ ခိုလာ ပြိုင်ပွဲအမီ အင်ပြည့်အားပြည့် ပြန်ကစားနိုင်၊ မကစားနိုင်ဆိုသောကိစ္စမှာ စိုးရိမ်စရာကောင်းနေသည်။ ယမန်နှစ် စက်တင်ဘာလအတွင်းက ကစားခဲ့သောပွဲတစ်ခုတွင် ဒူးအရွတ်စုတ်သွားသောကြောင့် ခိုလာသည် ခြောက်လခန့် နားနေရသည်။ နည်းပြဆရာက သူ့ကို အသင်းတွင် ဆက်ခေါ်ထားသည်။

"ခိုလာက အသင်းရဲ့ အဓိက ကစားသမားတစ်ယောက် ဖြစ်ပါတယ်။ ကျွန်တော်လုပ်ထားတဲ့ စနစ်က သူ့ကို မူတည်ပြီး လုပ်ထားတာ။ သူက တိုက်စစ်တစ်ခုထဲမှာသာ ပြိုင်ဘက်တွေ ရှိန်သွားအောင် ကစားနိုင်တာ မဟုတ်ဘူး။ တခြားနေရာတွေမှာလည်း တကယ်အားကိုးရတဲ့ သူပဲ။ နောက်ဆုံး ခံစစ်မှာတောင် အားထားရတယ်။ အချိန်မီ သူ့ဒူးဒဏ်ရာ သက်သာလာလိမ့်မယ်လို့ ကျွန်တော်ထင်တယ်။ သူ အင်ပြည့်အားပြည့် ကစားနိုင်သည်ဖြစ်စေ၊ မကစား နိုင်သည်ဖြစ်စေ လူစာရင်းထဲ ထည့်ဆွဲထားဖို့လိုတယ်"ဟု နည်းပြဆရာ ဘရက်ခ်နာက ထုတ်ဖော်ပြောကြားသည်။ ။

စီးရီးအေ ချန်ပီယံဆုဖလားကို နှစ်နှစ်ဆက်တိုက်ရရှိသည့် ဂျူဗင်းတပ်စ်အသင်းမှ အသင်းသားများ အောင်ပွဲခံနေစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

အီတလီစီးရီးအေ ချန်ပီယံဆုဖလား ဂျူဗင်းတပ်စ်အသင်း ဆွတ်ခူးရယူ

မီလန် မေ ၁၅

ဂျူဗင်းတပ်စ်အသင်းသည် တနင်္ဂနွေနေ့က ရက်ဂျီးနားအသင်းကို နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိပြီး အီတလီစီးရီးအေ အမှတ်ပေးဘောလုံးပြိုင်ပွဲ၏ ချန်ပီယံဆုဖလားကို ဆွတ်ခူးရယူ လိုက်ပြီဖြစ်သည်။ ဂျူဗင်းတပ်စ်အသင်းသည် စီးရီးအေ ချန်ပီယံအဖြစ် နှစ်နှစ်ဆက်တိုက် အောင်ပွဲခံနိုင်ခြင်းဖြစ်သည်။

၂၀၀၅–၂၀၀၆ခုနှစ် ဘောလုံးရာသီ စီးရီးအေဘောလုံးပြိုင်ပွဲ၏ နောက်ဆုံးပွဲစဉ်ဖြစ်သော ပွဲစဉ် (၃၈)အပြီးတွင် နည်းပြဖက်ဘီယိုကာပယ်လို၏ ဂျူဗင်းတပ်စ်အသင်းသည် ဒုတိယနေရာတွင် ရှိနေသော အေစီမီလန်အသင်းထက် အမှတ်သုံးမှတ်အသာရရှိထားသည်။ အေစီမီလန်အသင်းသည် ၎င်း၏ အိမ်ကွင်းတွင် အေအက်စ်ရိုးမားအသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ဖီအိုရင်တီးနားအသင်းသည် ချီယေဗိုအသင်းကို နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး စတုတ္ထနေရာတွင် ရပ်တည်နိုင်ပြီဖြစ်သည်။ ဖီအိုရင်တီးနားအသင်းသည် တတိယနေရာတွင်ရှိနေသော အင်တာမီလန်အသင်းနှင့်အတူ လာမည့်ဘောလုံးရာသီတွင် ချန်ပီယံလိဂ် ခြေစစ်ပွဲဝင်ရောက်နိုင်မည်ဖြစ်သည်။

ဂျူဗင်းတပ်စ်နှင့် အေစီမီလန်အသင်းတို့သည် ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲ၏ အုပ်စုအဆင့်သို့ တိုက်ရိုက်ဝင်ရောက်ခွင့်ရရှိမည်ဖြစ်သည်။ သို့ရာတွင် ပြိုင်ပွဲရလဒ်များ ပြောင်းလဲသွားအောင် မရိုးမသား လက်ဝါးချင်းရိုက်ကစားခဲ့သည့်ပွဲများကိစ္စကို စုံစမ်းစစ်ဆေးနေဆဲဖြစ်ရာ အမှတ်ပေးဇယား၌ အပြောင်းအလဲတစ်ရပ် ပေါ်ပေါက်လာနိုင်မှုပေါ်တွင် မှီတည်ကာ ချန်ပီယံလိဂ် ဝင်ရောက်ခွင့်ရှိမည်ဖြစ်သည်။ ချန်ပီယံ ဂျူဗင်းတပ်စ်အသင်းသည် အခြားအသင်းများနှင့် လက်ဝါးချင်းရိုက်ကစားခဲ့သည်ဟု စွပ်စွဲခံထားရပြီး အကယ်၍ အပြစ် ကျူးလွန်ကြောင်း ဖော်ထုတ်တွေ့ရှိရပါက ချန်ပီယံဆုဖလားနှစ်ခုကို ပြန်လည် ရုပ်သိမ်းခံရမည့်အပြင် စီးရီးဘီသို့ အတန်းဆင်းရမည်ဖြစ်သည်။ ***အမ်အင်အေ၊ရိုက်တာ။***

မေ ၁၄ ရက်က ကျင်းပသည့် စီးရီးအေဘောလုံးပြိုင်ပွဲတွင် ဂျူဗင်းတပ်စ်အသင်းမှ ဒေးဗစ်ထရက်ဇီဂေးနှင့် ရက်ဂျီးနားအသင်းမှ ဂျာရီကန်နာဆာတို့ ဘောလုံးရရှိရေးယှဉ်ပြိုင်ကြစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

အသက်(၁၈)နှစ်အောက် ပြည်နယ်/တိုင်း ဘတ်စကက်ဘောပြိုင်ပွဲ

ရန်ကုန် မေ ၁၅

အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်တို့က ကြီးမှူး၍ ၂၀၀၆ခုနှစ် ဒုတိယအကြိမ်မြောက် အသက် (၁၈)နှစ်နှင့်အောက် ပြည်နယ်နှင့်တိုင်း အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲကို မေ ၂၄ ရက်မှ ၃၀ ရက်အထိ ရန်ကုန်မြို့ ဘတ်စကက်ဘော အားကစားပြိုင်ပွဲရုံ၌ ကျင်းပမည်ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် ပါဝင်ဆင်နွှဲကြမည့် ပြည်နယ်နှင့်တိုင်း ဘတ်စကက်ဘောအသင်းများသည် မေ ၂၂ ရက်နောက်ဆုံးထား၍ ရန်ကုန်မြို့သို့ ရောက်ရှိလာရမည်ဖြစ်ပြီး ပြိုင်ပွဲနှင့်ပတ်သက်၍ သိရှိလိုပါက မြန်မာနိုင်ငံ ဘတ်စကက်ဘော အထွေထွေအတွင်းရေးမှူး ဦးမောင်မောင်မြင့် ဖုန်း–၅၅၈၂၀၈နှင့် ၅၄၃၆၆၄သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဝန်ထမ်းများအား တူညီဝတ်စုံ ထောက်ပံ့ပေးအပ်ပွဲကို မေ ၁၅ ရက်က မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဆွေက ကျပ်သုံးသိန်းကျော်ဖိုးရှိ တူညီဝတ်စုံ ၅၁ စုံကို ဝန်ထမ်းများကိုယ်စား ဒုတိယဦးစီးမှူး ဒေါ်ထားထားဝင်းသို့ ပေးအပ်စဉ်။ (၆၁)

ဝန်ကြီးဌာနတာဝန် ပူးတွဲထမ်းဆောင်စေခြင်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
(အမိန့်အမှတ် ၈/၂၀၀၆)
၁၃၆၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၄ ရက်
(၂၀၀၆ ခုနှစ်၊ မေလ ၁၅ ရက်)

ဝန်ကြီးဌာနတာဝန် ပူးတွဲထမ်းဆောင်စေခြင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေအား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး၏ တာဝန်ကိုပါ ယနေ့မှစ၍ ပူးတွဲထမ်းဆောင်စေလိုက်သည်။

အမိန့်အရ

(ပုံ)သိန်းစိန်
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး(၁)
နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

ဒုတိယဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
(အမိန့်အမှတ် ၉/၂၀၀၆)
၁၃၆၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၄ ရက်
(၂၀၀၆ ခုနှစ်၊ မေလ ၁၅ ရက်)

ဒုတိယဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ဒုတိယဝန်ကြီးများအဖြစ် ယနေ့မှစ၍ ခန့်အပ်တာဝန်ပေးလိုက်သည်—

(၁)	ဗိုလ်ချုပ်အောင်ကြည်	လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန
(၂)	ဒေါက်တာပိုင်စိုး	ကျန်းမာရေးဝန်ကြီးဌာန
(၃)	ဗိုလ်ချုပ်ကြည်ဝင်း	ကာကွယ်ရေးဝန်ကြီးဌာန
(၄)	ဗိုလ်ချုပ်အေးမြင့်	ကာကွယ်ရေးဝန်ကြီးဌာန

အမိန့်အရ

(ပုံ)သိန်းစိန်
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး(၁)
နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
(အမိန့်အမှတ် ၁၀/၂၀၀၆)
၁၃၆၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၄ ရက်
(၂၀၀၆ ခုနှစ်၊ မေလ ၁၅ ရက်)

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၊ အဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေးခြင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၊ အဖွဲ့ဝင်များအဖြစ် ယနေ့မှစ၍ ခန့်အပ်တာဝန်ပေးလိုက်သည်—

(၁) ဗိုလ်မှူးချုပ်ဝင်းအောင်
(၂) ဗိုလ်မှူးချုပ်စိုးဦး
(၃) ဗိုလ်မှူးချုပ်ညီထွန်း
(၄) ဗိုလ်မှူးချုပ်ကျော်အောင်

အမိန့်အရ

(ပုံ)သိန်းစိန်
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး(၁)
နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

နှစ်စဉ်စပါးတင်းသန်း ၁၂၀၀ စိုက်ပျိုးထုတ်လုပ်နိုင်ရေး ရည်မှန်းချက်ထားကြိုးပမ်းခဲ့ မိုးစပါးရော နွေစပါးပါ စိုက်ပျိုးနိုင်သဖြင့် ဝမ်းစာစပါး ဖူလုံရုံသာမက ပိုလျှံလာ ဓာတ်အား ပိုမိုထုတ်လုပ်နိုင်ရေး ရေအားလျှပ်စစ်စီမံကိန်းကြီးများ ဖော်ဆောင်ပေးခဲ့ တစ်နိုင်ငံလုံးတွင် ဓာတ်အားထုတ်လုပ်ရေးစီမံကိန်း ၁၅ ခုကို ဆက်လက်တည်ဆောက်နေ

ရန်ကုန် မေ ၁၅

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီ ဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် မေ ၁၂ ရက် နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေ ပဲခူးတိုင်းအတွင်း ဘက်စုံဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို လှည့်လည်လေ့လာကြသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယက၊ ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး Madame Phoebe A. Gomez၊ ဂျာမနီနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံ Mr. Dirk Augustin နှင့်အဖွဲ့ဝင်များ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများဖြစ်သည့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR)မှ လက်ထောက်ဌာနေကိုယ်စားလှယ် Si Canka Dhanapalaနှင့် UNICEFမှ စီမံကိန်းအရာရှိ Jean Benoit Manhez နှင့် အဖွဲ့ဝင်များ၊မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းမှ အသင်းဝင် သတင်းထောက်များ၊ ပြည်တွင်းမဂ္ဂဇင်း၊ ဂျာနယ်များမှ စာတည်း အဖွဲ့ဝင်များနှင့်အတူ ပဲခူးတိုင်းကျောက်တံခါးမြို့နယ်ရှိ ရဲနွယ်ရေလှောင်တမံ ဘက်စုံစီမံကိန်း၊ အုတ်တွင်းမြို့နယ်ရှိ ခပေါင်းရေလှောင်တမံဘက်စုံ စီမံကိန်းနှင့် ရေတာရှည်မြို့နယ် ဆွာမြို့ လယ်ယာမြေနွေစပါးစိုက်ခင်းများသို့ လှည့်လည် သွားရောက်ကြည့်ရှုကြသည်။

ရှေးဦးစွာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယကနှင့် သံတမန်များ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ ပြည်တွင်း ပြည်ပ သတင်းထောက်များနှင့် စာနယ်ဇင်းများမှ ပုဂ္ဂိုလ်များသည် နံနက် ၉ နာရီခွဲတွင် ပဲခူးတိုင်း သူဌေးကုန်းကျေးရွာသို့ ရောက်ရှိကြပြီး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးဝင်းမြင့်နှင့် တပ်မတော်အရာရှိများ၊ ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ပဲခူးတိုင်း ကျောက်တံခါးမြို့နယ် မြို့ချောင်းကျေးရွာအနောက်ဘက်ရှိ ရဲနွယ်ရေလှောင်တမံ ဘက်စုံစီမံကိန်းသို့ သွားရောက်လေ့လာကြသည်။

ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ဦးဆောင်သော အဖွဲ့ဝင်များအား ရဲနွယ်ရေလှောင်တမံ ဘက်စုံစီမံကိန်းရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာန ဆည်တည်ဆောက်ရေး(၁)မှ ညွှန်ကြားရေးမှူး ဦးမြင့်သန်းက ရဲနွယ်ရေလှောင်တမံ ဘက်စုံစီမံကိန်း၏ စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ ၁၉၈၈ ခုနှစ် နောက်ပိုင်းတွင် နိုင်ငံတော်က ရေလှောင်တမံ ၁၈၅ ခုနှင့် မြစ်ရေတင်စီမံကိန်း ၂၉၃ ခုတို့ကို အသစ်တိုးချဲ့တည်ဆောက်ပေးနိုင်သဖြင့် စိုက်ပျိုးရေရရှိမှု တိုးတက်လာသည့်အပြင် ရေလှောင်တမံ ဘက်စုံစီမံကိန်းများကြောင့် လျှပ်စစ်ဓာတ်အားကိုပါ တိုးတက်ထုတ်လုပ်နိုင်မှုအခြေအနေများကိုလည်းကောင်း၊ ရေအားလျှပ်စစ်ဦးစီးဌာန အမှတ်(၄) တည်ဆောက်ရေးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးဝင်းက ရဲနွယ်ရေအားလျှပ်စစ်စီမံကိန်းတွင် **စာမျက်နှာ ၈ ကော်လံ ၁ သို့ ✻**

☆ ၁၇ နှစ်ကျော် ကာလတွင် ဆည်တမံပေါင်း ၁၈၅ ခုနှင့် မြစ်ရေတင်စီမံကိန်း ၂၉၃ ခု တည်ဆောက်ပေးထား။
☆ ဆက်လက်၍လည်း လိုအပ်သော ဒေသများ၌ ဆည်တမံများ၊ မြစ်ရေတင်စီမံကိန်းများ တည်ဆောက်ပေးလျက်ရှိ။
☆ မြန်မာနိုင်ငံစိုက်ပျိုးရေးမူဝါဒ တစ်ရပ်အဖြစ် နောင်တိုးပွားလာမည့် လူဦးရေသန်း ၁၀၀ အထိ စားသုံးမှုဖူလုံပိုလျှံစေရန် ရည်မှန်းချက်ချမှတ် အကောင်အထည်ဖော်နေ။

ရှင်းလင်းတင်ပြ

ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးသိန်းလွင် ပဲခူးတိုင်းအတွင်း နွေစပါးနှင့်မိုးစပါး တိုးမြှင့်စိုက်ပျိုးနိုင်မှုကို ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)